## သတင်း/ဓာတ်ပုံ ပုံရိပ်စုံ



ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) နှင့် စစ်ကိုင်းတိုင်း ဒေသကြီး မင်းရွာတောင်ကျောင်းတိုက်၊ အင်တောကျေးရွာတို့ ပူးပေါင်း၍ ၉၊ ၁၂၊ ၂၀၁၈ တွင် မင်းရွာတောင်ကျောင်းတိုက်၌ ကျင်းပအပ်သော ဓမ္မစကူးလ်များ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား။



ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) နှင့် ပင်းတယမြို့နယ် လုံးဆိုင်ရာကော်မတီတို့ ပူးပေါင်း၍ ၁၀၊ ၁၂၊ ၂၀၁၈ တွင် ကျင်းပအပ်သော ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို) (၁၁၃၀)ကြိမ်၊ပင်းတယမြို့နယ်လုံးဆိုင်ရာ(၈)ကြိမ်မြောက် မူလတန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်း။



ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) နှင့် ဧရာဝတီတိုင်း ဒေသကြီးဓမ္မစကူးလ်ကော်မတီတို့ ပူးပေါင်း၍ မအူပင်မြို့၌ ကျင်းပအပ်သော အလယ်တန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်း။



ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ၏ မင်္ဂလာဒုံမြို့နယ် ဓမ္မစကူးလ်ကော်မတီတို့ ပူးပေါင်း၍ ၁၀. ၁၂.၂၀၁၈ ၌ ကျင်းပအပ်သော သူငယ်တန်း (KG) အဆင့် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်း။



ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) နာယက

**ဒေါက်တာဘဒ္ဒန္တထေရာသဘ**

**တွဲဖက်ပါမောက္ခ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ၏**

# ဩဝါဒကထာ

ပညာသင်ရာမှာ သင်ကြားသင်ယူမှုဖြစ်ထွန်းဖို့ အဓိကလိုအပ်ပါတယ်။ ဆရာဖြစ်သူက သင်ကြားခြင်းကိစ္စကို တာဝန်ယူ၍ သင်ကြားမှုထိရောက်အောင် ဆောင်ရွက်ရသလို တပည့်ဖြစ်သူက သင်ယူခြင်းကိစ္စ ဖြစ်မြောက်အောင် ကြိုးစားသင်ယူရပါတယ်။ ဆရာဖြစ်သူက သင်ကြားမှုအပိုင်းကို ထိရောက်စေရေးအတွက် သင်ခန်းစာရည်ရွယ်ချက် ပေါက်မြောက်အောင် သိစေလိုတဲ့ အကြောင်းအရာအလိုက် လိုအပ်သောနည်းစနစ်၊ သင့်လျော်သော ချဉ်းကပ်နည်းများကို အသုံးပြုရတယ်။ တပည့်ဖြစ်သူက သင်ခန်းစာပါ အကြောင်းအရာကို မှတ်မိအောင်၊ သိရှိနားလည်သဘောပေါက်အောင် ကြိုးစားသင်ယူရတယ်။ ဆရာ တပည့်ပူးပေါင်း၍ သင်ကြားမှုနှင့် သင်ယူမှု နှစ်မျိုးစလုံး ထိရောက်စွာဖြစ်ထွန်းဖို့ လွန်စွာအရေးကြီးလှပါတယ်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ထုတ်ဝေထားတဲ့ သင်ရိုးညွှန်းတမ်းများဟာ လူငယ်လူရွယ်များ စာရိတ္တမဏ္ဍိုင်ဖွံ့ဖြိုးတိုးတက်ဖို့ ဦးတည်ထားသဖြင့် သင်ခန်းစာပါ အကြောင်းအရာအပေါ် သိရှိနားလည်မှုကို အခြေပြု၍ လိုက်နာကျင့်သုံးနိုင်မည့် ဖွံ့ဖြိုးမှုနယ်ပယ်တို့နှင့် ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ထားပါတယ်။ စာရိတ္တဖွံ့ဖြိုးမှုနယ်ပယ်တွင် လူငယ်လူရွယ်များ ယဉ်ကျေးစွာ ပြောတတ် ဆိုတတ်ခြင်းဆိုတဲ့ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှု၊ မှန်ကန်စွာ ဆုံးဖြတ်၊ ပြုမူဆောင်ရွက်တတ်ခြင်း၊ နှလုံးရည်ပြည့်ဝခြင်း စတဲ့ လူမှုကျင့်ဝတ်နှင့် စိတ်ဓာတ်ရေးရာဖွံ့ဖြိုးမှု၊ ဘဝတွက်တာ လိုအပ်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးမှုနှင့် တရားဓမ္မဆိုင်ရာ ကျင့်သုံးလိုက်နာမှု အလေ့အထများဖွံ့ဖြိုးမှု စသည်တို့ ပါဝင်ပါတယ်။ သို့ဖြစ်ပါ၍ သင်ကြားမှုနှင့် သင်ယူမှု နှစ်မျိုးစလုံးသည် အဆိုပါစာရိတ္တဖွံ့ဖြိုးမှုနယ်ပယ်များ ဖြစ်ထွန်းလာအောင် အစဉ်အမြဲဦးတည်နေဖို့ သတိပြုရပါတယ်။

သင်ရိုးဝင်အကြောင်းအရာများကို သိရှိနားလည်မှုသည် ဆရာဖြစ်သူ၏ သင်ကြားမှုစွမ်းရည်မြင့်မားမှုအပေါ်တွင် များစွာမူတည်ပါတယ်။ အကြောင်းအရာသိရှိမှုကို အခြေခံ၍ အထက်၌ဖော်ပြခဲ့သော ဖွံ့ဖြိုးမှုနယ်ပယ်များသို့ ရောက်ရှိစေရန် ဆရာလမ်းညွှန်စာအုပ်အကူအညီဖြင့် တပည့်များ လက်တွေ့လိုက်နာနိုင်အောင် လိုအပ်သလို နှိုးဆွပေးခြင်း၊ အပြုအမူကောင်းများ ဖွံ့ဖြိုးလာအောင် ဆရာက နည်းပေးလမ်းညွှန်ပေးခြင်းစသည်တို့ကို ပံ့ပိုးပေးလျှင် တပည့်များသည် ပြောတတ်ဆိုတတ် ပြုမူဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ပေါ်ထွက်လာနိုင်မှာဖြစ်ပါတယ်။ ဆရာများက ထိုသို့ဆောင်ရွက်နိုင်လျှင် တပည့်များသည် စာရိတ္တဖွံ့ဖြိုးလာပြီး ပညာရည်ပြည့်ဝရုံသာမက နှလုံးရည်လည်း လှပလာမည်ဟု မျှော်မှန်းနိုင်မှာပါ။

အတတ်လည်းသင် ပွဲပြင်ဆုံးမ··ဆိုတဲ့ ဆရာ့ကျင့်ဝတ်ထဲမှာ အတတ်သင်တယ်ဆိုတာဟာ လောကကျင့်ဝတ် ဓမ္မကျင့်ဝတ်များနှင့်အညီ ပြောတတ်ဆိုတတ် လုပ်ကိုင်ဆောင်ရွက်တတ်အောင် ရည်ရွယ်၍ ပညာသင်ပေးရတာ ဖြစ်ပါတယ်။ သင်ခန်းစာပါ အကြောင်းအရာကို တပည့်များသိရှိနားလည်ရုံမျှ မဟုတ်ဘဲ သင်ခန်းစာနှင့် ချိတ်ဆက်ထုတ်ဖော်ထားသည့် ကျွမ်းကျင်မှုမျိုးစုံကို လက်တွေ့လုပ်တတ်ကိုင်တတ် ပြုမူဆောင်ရွက်တတ်တဲ့ အလေ့အထများ ပေါ်ထွန်းလာသည့်အခြေအနေထိရောက်အောင် ဆရာက ကူညီပံ့ပိုးပေးရမယ်ဆိုတာကို သတိပြုမိစေလိုပါတယ်။

ထိရောက်သောသင်ကြားမှုကြောင့် စာရိတ္တဖွံ့ဖြိုးမှုကိုအထောက်အကူပြုသော သင်ယူမှုများ ဖြစ်ထွန်းလာမည်ဆိုပါက သင်ကြားသူဆရာများသည် ဗုဒ္ဓအဆုံးအမနှင့် ယဉ်ကျေးမှုမဏ္ဍိုင်ကို ပြန့်ပွားအောင် ဆောင်ရွက်သူများအဖြစ် ကမ္ပည်းတင်ခံရမည်ဖြစ်ပြီး သင်ယူသူတပည့်များသည်လည်း ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုထိုက်သော သားကောင်းရတနာ သမီးကောင်းရတနာများအဖြစ်သို့ ရောက်ရှိလာမှာ ဧကန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သင်ကြားမှုနှင့် သင်ယူမှုအောင်မြင်ဖြစ်ထွန်းအောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါတယ်။

## အယ်ဒီတာချုပ်၏ စကားလက်ဆောင်မွန်

# ဓမ္မစကူးလ် အလှဂုဏ်ရည်

### အရှင်သီရိကာဠနာဘိဝံသ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဓမ္မစကူးလ်ဖောင်ဒေးရှင်းကြီးသည် ဩဝါဒါစရိယဆရာတော်ကြီးများ၏ လမ်းညွှန်မှု၊ နာယကဆရာတော်များ၏ အနီးကပ် အကြံပေးမှု၊ အမှုဆောင်ဆရာတော်များ၊ လူပုဂ္ဂိုလ်များ၊ ပရိယတ္တိပညာရှင် နည်းပညာရှင်တို့၏ ပံ့ပိုးကူညီပေးမှုများဖြင့် မူဝါဒများချမှတ်ကာ ရည်မှန်းချက်ပြည့်ဝဖို့ ရည်ရွယ်ချက်များထားရှိပြီး အဓိကလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသော အဖွဲ့ကြီးဖြစ်ပါသည်။ တနည်းအားဖြင့် ဗုဒ္ဓသာသနာတော်အတွက် သာသနာပြုအဖွဲ့ကြီးဖြစ်ပြီး မိမိ သူတစ်ပါး ကြည်ညိုဖွယ်ဆောင် စိတ်လှအောင် ပြုလုပ်ဆောင်ရွက်ပေးနေသော အဖွဲ့ကြီးလည်း ဖြစ်ပါသည်။

**အလှပြင်တဲ့ပညာ**

စိတ်အလှ၊ ရုပ်အလှပြင်တဲ့နေရာမှာ ရုပ်အလှပြင်ပညာကို မွေးရာပါဗီဇကြောင့် အလိုလို ပြင်တတ်သလို ပတ်ဝန်းကျင်ကို မြင်ရ၍ အတုမြင် ပြင်တတ်သည်လည်းရှိသည်။ စိတ်အလှပြင်ပညာကိုကား သင်ယူထားမှ ပြင်တတ်ကြသည်က များပါသည်။

**ပါသာဒိကဂုဏ်ဆောင် သင်္ကန်းရုံကြ ရမ်းကြရအောင်**

လမ်းညွှန်ဆုံးမ ဩဝါဒပေးတော်မူကြသော ဆရာတော်ကြီးမှစ၍ ပါဝင်ဆောင်ရွက်ကြသူ ဆရာတော်သံဃာတော်များသည် မြတ်ဗုဒ္ဓ၏ ဝိနည်းဒေသနာလာရှိသည့်အတိုင်း ကြည်ညိုဖွယ် ပါသာဒိကဂုဏ်ဆောင်သောအားဖြင့် အခမ်းအနား၊ သင်တန်းဖွင့်ပွဲပိတ်ပွဲစသည်များ၌ သင်္ကန်းကို ရုံသင့်က ရုံ၊ ရမ်းသင့်က ရမ်းလျက် ဆောင်ရွက်ကြစေချင်ပါသည်။ အများရှေ့မှာ ပါသာဒိကမဖြစ်သော ရေလဲသင်းပိုင် စသည်များကို ပခုံးပေါ် တင်ကာ သင်္ကန်းက ဘိုသီဘတ်သီဖြင့် ဩဝါဒပေးခြင်း၊ လက်မှတ်ခံယူခြင်း စသော ဗီဒီယိုရုပ်သံဖိုင်များ၊ ဓာတ်ပုံမှတ်တမ်းများ၏ ပုံရိပ်များကို ဖေ့ဘုတ်ပေါ် မြင်ရသည့်အခါ စိတ်ထဲ အားမလိုအားမရ ဖြစ်ကြရပါသည်။ သီလရှင်ဆရာကြီးဆရာလေးများအနေဖြင့်လည်း သံဃာပရိသတ် လူပရိသတ်ထဲမှာ ကိုယ်ရုံကို ခေါင်းမြီးခြုံကာ နေထိုင်ခြင်း - စသော ပါသာဒိကမဖြစ်သော နေထိုင်ခြင်းများကို ရှောင်ကြဉ်ကြစေ ချင်ပါသည်။ 'ဓမ္မစကူးလ်သွားကြမယ်' သီချင်းစာသားထဲကအတိုင်း သံဃာတော်များနှင့် သီလရှင်များသည် ဓမ္မစကူးလ်၏ ကျက်သရေဆောင် ဦးဆောင်သူများဖြစ်ကြပါသည်။

## ‘လုပဝတ်စား၊ ကောင်းအောင်စား၊ စကားတိုရှင်း ပြောကြပါ’

လုပဝတ်စား- ဟူသည် ဓမ္မစကူးလ်ဦးဆောင်သူများ ကော်မတီတာဝန်ရှိသူများနှင့် ဆရာဆရာမ ကျောင်းသား၊ သူများသည် အဝတ်အစားကို လုပသပ်ရပ်စွာ ဝတ်စားသင့်သည်။ အဝတ်အစား တန်ဘိုးကြီး ဘို့ အရောင်၊ အဆင်းလုပဘို့ထက် သပ်သပ်ရပ်ရပ် စနစ်တကျ ဝတ်စားသင့်သည်။ လူမှာအဝတ် တောင်းမှာ အကွပ်-ဟုပင် ဆိုရိုးစကားရှိသည် မဟုတ်ပါလား။

ကောင်းအောင်စား-ဟူသည် အစားကောင်းကို စားသောက်ဘို့ ပြောခြင်းမဟုတ်ပါ။ သန့်ရှင်းသပ်ရပ်စွာ စားတတ်အောင် သင်ယူထားသင့်ပါသည်။ စနစ်တကျ ကောင်းမွန်စွာ စားတတ်ဘို့ပါ။ စားဖော်စားဖက်များ စိတ်မပျက်စေသင့်ပါ။

စကားတိုရှင်း ပြောကြပါ- ဟူသည် စကားပြောသည့်အခါ အသံကို လိုအပ်သလောက်သာ ကျယ်ကျယ်ပြောသင့်သည်။ ပတ်ဝန်းကျင်ကို စိတ်အနှောင့်အယှက်မဖြစ်အောင် ပြောသင့်သည်။ စကားလုံးများကို ရှင်းလင်းပီသ ပြတ်သားစွာ ပြောသင့်သည်။ ကာလဝါဒီ - အခါကာလအားလျော်စွာ ပြောတတ်ရမည်။ ဒေါသမပါ မေတ္တာစိတ်ထားဖြင့်သာ ပြောသင့်သည်။ သူတပါးအနားယူချိန် လေ့လာ သင်ယူချိန် စသည်ဖြင့် အချိန်ကာလများကို နားလည်ပြီး ပြောသင့်ပါသည်။

## ‘နာပျော်ဘွယ်ရွတ်၊ ညီညာရွတ်၊ ဘိနပ် ညီညီချွတ်ကြပါ’

အဖွင့် = နမောတဿ - ရွတ်ဆိုခြင်းနှင့် အပိတ် = ‘ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု’ ရွတ်ဆိုခြင်း စသည်၊ တေးကဗျာရွတ်ဆိုခြင်း စသည်တို့ ရွတ်ဆိုကြသည့်အခါ သာယာနာပျော်ဘွယ် ဖြစ်အောင် ရွတ်ဖတ်သင့်သည်။

တစ်ဦးတစ်ယောက်ချင်း နာပျော်ဘွယ် ရွတ်ဆိုသင့်ရုံမျှ မက ညီညီညာညာလည်း ရွတ်သင့်သည်။ အပေးအယူ မျှတစွာ နားလည်မှုရှိရှိဖြင့် ရွတ်ဆိုသင့်သည်။


လူများလျှင် ဘိနပ်အရေအတွက် များလာမည်။ ထိုအခါ အရေအတွက်များမှုကြောင့် နေရာများများ လိုအပ်လာသည်။ စည်းစနစ်ကျမှု ပို၍ လိုအပ်လာမည်။ သို့ဖြစ်၍ နေရာထိုင်ခင်း စီစဉ်သူများအနေဖြင့် ဘိနပ်ချွတ်ရန် နေရာကို သံဃာတော်များ ဘိနပ်ချွတ်ရန်၊ အမျိုးသား၊ အမျိုးသမီးများ ဘိနပ်ချွတ်ရန်ဟူ၍ နေရာများကို ခွဲခြားသတ်မှတ်ပေးသင့်သည်။ ဘိနပ်များကို စီတန်း၍ ညီညာစွာ ချွတ်ပေးပါရန် (မိမိ၏ ဘိနပ်နှစ်ဖက် ညီညာစွာ ချွတ်သင့်သည်။ အများ၏ ဘိနပ်နှင့်လည်း စီစီညီညီ ချွတ်ပေးသင့်ပါသည်။) စသည်ဖြင့် လိုရင်းအဓိပ္ပါယ်ကို ယဉ်ကျေးသော အသုံးအနှုန်းဖြင့် ပေါ်လွင်အောင် သတိပေးအသိပေးစာ ရေးသား၍ရှင်းပြသင့်သည်။ ကပ်ထားသင့်သည်။

## ‘ဓမ္မစကူးလ်အလှ၊ ပြင်ဆင်ကြ၊ လောကသာသနာ၊ ဂုဏ်မြှင့်ပါ’

ဓမ္မစကူးလ်သည် အများစုပေါင်းပြီး အများကောင်းအောင် ဆောင်ရွက်နေသော ဓမ္မအခြေပြု လုပ်ငန်းကြီးဖြစ်သည်။ စိတ်ကိုလည်း ပြင်ကြရမှာဖြစ်သလို ရုပ်ကိုလည်း ပြင်ကြရပါမည်။ အသိကို တိုးအောင်မြှင့်တင်ပေးကြရမှာဖြစ်သလို အရိုကို အကျိုးရှိအောင် သုံးစွဲနည်းကိုလည်း တစ်ဦးနှင့်တစ်ဦး ပံ့ပိုး ကူညီပေးကြရပါမည်။ သို့ဖြစ်၍ ‘အားလုံးရဲ့ ဓမ္မစကူးလ်’ မဖြစ်နိုင်ပေမယ့် ‘အားလုံးအတွက် ဓမ္မစကူးလ်’ ဖြစ်သည့်အားလျော်စွာ အားလုံးစုပေါင်း၍ ကောင်းအောင်ကြိုးစားကြပါစို့။

# ပုံရိပ်

ဖိုးညက် (မင်းဘူး)



* လောကဇာတ်ခုံ အဖုံဖုံ
ပြုဖွယ်စုံလှသည်။
* သဏ္ဌာန်နှစ်ခု အမှီပြု
ပြုမူနေကြသည်။
* ရုပ်ကိုအစဉ် နေ့စဉ်ပြင်
အပြင်သာ လှသည်။
* အတွင်းသဏ္ဌာန် မပြင်ပြန်
အမှန်မရပြီ။
* တွင်းပြင်နှစ်ဝ မပြင်က
မှန်စွာ ပျက်နိုင်သည်။
* အပြုသဘော လူသူပြော
ပြောတိုင်း မပြုတာ ခက်လှသည်။
* တကယ်သာပြု ထိုနှစ်ခု
ကြည့်ရှုသူတိုင်း လှစေသည်။
* တွင်းပြင်နှစ်ဝ ပြင်နိုင်က
မုချ ချမ်းသာမည်။

# အခုကောင်းမှ နောင်ကောင်း

—နေဘုန်းနွယ်(မော်ဘီ)—




ရင်ဝယ်မွေးဖွား သမီးသားတို့
ရှည်လျားနောင်ခါ ကောင်းမွန်လာအောင်
ငယ်စွာနုသွေး အချိန်လေးတွင်
ယဉ်ကျေးလိမ်မာ တတ်သင့်ရာကို
သင်ကာလမ်းပြ ဆိုဆုံးမသော်
မိဘမောင်ဖွား ဆွေမျိုးသား၏
ပြုထားခဲ့ဖူး တင်ကျေးဇူးကို
အထူးသိတတ် တုံ့ပြန်ဆပ်လိမ့်။
ငယ်စဉ်အခါ အလိမ္မာကို
သင်ကာမပြ မဆုံးမလျှင်
သားမှကျားတူ သမီးဟူလည်း
အပူပေးရာ မီးပမာသို့
မှန်စွာမယွင်း ဖြစ်တတ်ခြင်းကြောင့်
ခပင်းဥသံု အလုံးစုံကို
အကုန်သိထား မြတ်ဘုရား၏
ဟောကြားဓမ္မာ လမ်းစဉ်သာကို
သင်ကာဆုံးမ လမ်းညွှန်ပြသည့်
ဓမ္မစကူးလ် ကျောင်းတော်ဦးသို့
ရှည်စူးနောင်ခါ ကောင်းမွန်လာဖို့
မြန်စွာလှမ်းလို့ ပို့ကြစို့။ ။

# အိပ်ရာဝင်ချိန်

မင်းခန့် (တာပွန်)

ဘုရားတရား မြတ်သံဃာ
ညစဉ်ရှိခိုးပါ၊
မိဘနှစ်ဖြာ မကျန်ရ
အမြဲကန်တော့ကြ။
ဦးချပြီးမှ အိပ်ရာဝင်
နတ်မြတ်လွှန်ချစ်ခင်၊
အိပ်နေစဉ်ပင် စောင့်ရှောက်လျက်
အိပ်မက်လှလှမက်။
မပျက်မကွက် ရှိခိုးပါ
သမီးအလိမ္မာ၊
မပျက်မကွက်ရှိခိုးပါ
သားသားအလိမ္မာ၊
နေ့စဉ်ဝန်တာ မတုံ့ဆိုင်း
အိပ်ရာဝင်ချိန်တိုင်း။





ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဘီးလင်းကျောင်းတိုက်၌ပြုလုပ်ကျင်းပသော
လက်ာမြန်မာ အစည်းဝေးတွင်ရိုက်ထားသောမှတ်တမ်းဓာတ်ပုံ

# နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးထံ
## Sunday School ခေါ် Dhamma School စီမံပွင့်လှစ်ပေးပါရန်
## လျှောက်ထားလွှာ

ဗန်းမော်ဆရာတော် အမှူးရှိသော နိုင်ငံတော်သံဃနာယက ဆရာတော်ကြီးများဘုရား . . .

ဘုရားတပည့်တော်တို့သည် သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြား နေကြသော ရဟန်းတော်များ ဖြစ်ကြပါသည်ဘုရား။ တပည့်တော်တို့သည် သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြားရင်း မိမိတို့၏ ပညာရေးအပြင် မတူ ထူးခြားသော ယဉ်ကျေးမှု၊ ပညာသင်နည်းစနစ်၊ ဘုန်းတော်ကြီးများနှင့် နိုင်ငံသူနိုင်ငံသားတို့ ဆက်ဆံရေးစသော ဗဟုသုတများကိုလည်း လေ့လာ မှတ်သားခဲ့ကြရပါသည်ဘုရား။ ထိုကဲ့သို့ လေ့လာကြရင်း သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကိုင်းရှိုင်းကြပုံနှင့် ဘာသာရေးအသိစိတ် ဓာတ် ထက်သန်နိုးကြားကြပုံတို့ကို အထူးသတိပြုမိခဲ့ကြပါသည်ဘုရား။ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဘာသာတိုင်းသည် မိမိတို့၏ ဘာသာတရားကို သာမန် ကာ လျှံကာ သိရှိထားရုံမျှအဆင့်မဟုတ်ဘဲ နှစ်နှစ်ကာကာ လေးလေးနက် နက် သိရှိနားလည်နေကြသည်ကို အံ့သြမှင်တက် ဖြစ်ခဲ့ရပါသည်ဘုရား။

အဘယ့်ကြောင့် ဤမျှအထိ သိရှိနားလည်နေကြသနည်း။ တပည့်တော်တို့ လေ့လာကြည့်သောအခါ ဗုဒ္ဓဘာသာအကြောင်း လေးလေးနက်နက် နားလည်သိရှိနေကြသည်မှာ Sunday School ခေါ် Dhamma School ကြောင့် ဖြစ်သည်ကို တွေ့မြင်သိရှိခဲ့ရပါသည်ဘုရား။

သို့ဖြစ်၍ တပည့်တော်တို့ မြန်မာရဟန်းတော်များအနေဖြင့် "ဒို့နိုင်ငံမှာ ဒီလို Sunday School ခေါ် Dhamma School လေးရှိလျှင် ဘယ်လောက်ကောင်းမလဲ" ဟူသော အတွေးလေးများ ကိုယ်စီဖြစ်မိပါသည်ဘုရား။ Sunday School ခေါ် Dhamma School ၏ အကျိုးသက်ရောက်မှုကို တွေ့မြင်သိရှိရတိုင်း တပည့်တော်တို့နိုင်ငံမှာ ထိုကဲ့သို့ နိုင်ငံတော်အဆင့် အစီအစဉ်ပေါ်ပေါက်လာလျှင် မည်မျှကောင်းမည်နည်းဟူသော အတွေးများ ဖြစ်ပေါ်လာတတ်ကြစမြဲ ဖြစ်ပါသည်ဘုရား။

တပည့်တော်တို့ မြန်မာနိုင်ငံတွင် Sunday School ခေါ် Dhamma School ကျောင်းများ အောင်မြင်ဖြစ်ထွန်းလာပါက ထိုကျောင်းများမှ ကျောင်းပြီးသော ဗုဒ္ဓဘာသာကို စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများကို ဗုဒ္ဓဘာသာနှင့် ပတ်သက်သော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ သီတဂူတက္ကသိုလ်နှင့် အစိုးရတက္ကသိုလ် ဗုဒ္ဓဘာသာလေ့လာရေးဌာန (Buddhist Studies)သို့ တက်ရောက်နိုင်ရန် စီစဉ်ပေးလျှင် Sunday School ခေါ် Dhamma School ကို လူအများ ပိုမိုစိတ်ဝင်စားလာ၍ အချိန်တိုအတွင်း အောင်မြင်ဖြစ်ထွန်းလာမည်ဟု ထင်မြင်မိကြပါသည်ဘုရား။

သို့သော်လည်း တပည့်တော်တို့မှာ ပညာသင်ယူနေဆဲ ကျောင်းသားများသာ ဖြစ်သည့်အတွက် ထိုမျှလောက် ကြီးကျယ်သော လုပ်ငန်းကြီးကို စွမ်းဆောင်ခွင့် မသာခဲ့ကြပါဘုရား။ ဤလုပ်ငန်းကြီးကို အကောင်အထည်ဖော်နိုင်စွမ်းရှိသူများမှာ ဆရာတော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများမှတစ်ပါး အခြားမရှိဟု တပည့်တော်တို့ နားလည်ထားကြပါသည်ဘုရား။ ထိုကဲ့သို့ သိမြင်ထားသော်လည်း ပညာရေးတစ်ဖက်ဖြင့် ဆရာတော်ကြီးများထံသို့ အသိပေးအကြောင်းကြားတင်ပြခြင်း မပြုလုပ်နိုင်ခဲ့ကြပါဘုရား။ ကံကောင်းတိုက်ဆိုင်စွာဖြင့် ၂၀၁၀-ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခဲ့သဖြင့် ဖူးတွေ့ပြီး သီရိလင်္ကာနိုင်ငံက Sunday School ခေါ် Dhamma School အကြောင်းကို လျှောက်ထားခွင့်ရခဲ့ပါသည်ဘုရား။

သီရိလင်္ကာနိုင်ငံတွင် နိုင်ငံတော်အဆင့် ကျင်းပပေးနေလျက်ရှိသော Sunday

School ခေါ် Dhamma School အကြောင်းကို အထူးစိတ်ဝင်စားသည်ဟု ဇုန်းမော်ဆရာတော်ကြီးကလည်း အမိန့်ရှိသဖြင့် တပည့်တော်တို့မှာ အလွန်အားရကျေနပ်၊ အားတက်ခဲ့ရပါသည်ဘုရား။ ဇုန်းမော်ဆရာတော်ကြီးကလည်း Sunday School ခေါ် Dhamma School နှင့် ပတ်သက်ပြီး သေသေချာချာ ဂဃနဏ လေ့လာစုံစမ်းဖို့ အမိန့်ရှိခဲ့ပါသည်ဘုရား။ သို့ဖြစ်၍ တပည့်တော်တို့ မြန်မာရဟန်းတော်များအနေဖြင့် ကဏ္ဍအသီးသီး တာဝန်ယူကာ သီရိလင်္ကာနိုင်ငံ၊ Sunday School ခေါ် Dhamma School အကြောင်းကို လေ့လာခဲ့ကြပါသည်ဘုရား။ တပည့်တော်တို့သည် Sunday School ခေါ် Dhamma School သမိုင်းကြောင်း၊ လက်ရှိအခြေအနေနှင့် အကျိုးသက်ရောက်မှုများကို သိရှိနားလည်ထားသည့်အတိုင်း ဇုန်းမော်ဆရာတော်ကြီးနှင့် မဟာနဆရာတော်ကြီးများကို လျှောက်ထားဖို့ စီစဉ်ခဲ့ကြပါသည်ဘုရား။ ထိုအစီအစဉ်အရ ယခု လျှောက်ထားလွှာကို ဆရာတော်ကြီးများထံ ပေးပို့ လျှောက်ထားလိုက်ရခြင်း ဖြစ်ပါသည်ဘုရား။

တပည့်တော်တို့အနေဖြင့် သီရိလင်္ကာနိုင်ငံက၊ Sunday School ခေါ် Dhamma School စနစ်ကို မြန်မာနိုင်ငံတွင် ပုံတူကူးချပြီး ပြဋ္ဌာန်းသင်ကြားပေးသင့်သည်ဟု မဆိုလိုပါဘုရား။ သီရိလင်္ကာနိုင်ငံတွင် Sunday School ခေါ် Dhamma School သင်ကြားပုံစနစ်ကို ၁၈၈၆-ခုနှစ်မှ စတင်သင်ကြားခဲ့သဖြင့် နှစ်ပေါင်း ၁၂၄-နှစ်ပင် ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်ဘုရား။ ထိုမျှနှစ်ပေါင်းကြာညောင်းလာခဲ့သော်လည်း သီရိလင်္ကာနိုင်ငံသားတို့၏ Sunday School ခေါ် Dhamma School စနစ်မှာ ယနေ့အချိန်အထိ အတုယူလေးစားဖွယ်အဖြစ် တည်ရှိနေပါသည်ဘုရား။ သို့ဖြစ်၍ တပည့်တော်များအနေဖြင့် သီရိလင်္ကာနိုင်ငံက၊ Sunday School ခေါ် Dhamma School စနစ်ကို ပုံတူကူးချခြင်း မဟုတ်စေကာမူ အတုယူနည်းမှီသင့်သည်ဟု ယူဆမိကြပါသည်ဘုရား။

သို့အတွက်ကြောင့် တပည့်တော်တို့ သီရိလင်္ကာနိုင်ငံရောက် ရဟန်းတော်များကလည်း သီရိလင်္ကာနိုင်ငံ၊ သာသနာရေးဝန်ကြီးဌာနမှ သင်ကြားပေးနေသော သင်ရိုးညွှန်းတမ်း စာအုပ်များနှင့် အခြားစာရေးဆရာဖြစ်သော N.G.W.I.Jinasena ၏ စာအုပ်တွင် ပါဝင်သော မာတိကာများကို နည်းယူနိုင်စေရန် မူရင်းအတိုင်းဘာသာပြန်၍ တင်ပြလိုက်ရခြင်းဖြစ်ပါသည်ဘုရား။ အခြားစာရေးဆရာများ၏ သင်ရိုးညွှန်းတမ်း စာအုပ်များ ရှိပါသေးသော်လည်း ရှုပ်ထွေးမည်စိုး၍ မတင်ပြဘဲ ချန်လှပ်ထားခဲ့ပါသည် ဘုရား။ ထိုမာတိကာများကို တင်ပြရာတွင် တပည့်တော်တို့၏ ယဉ်ကျေးမှုများ၊

စရိုက်လက္ခဏာများ၊ အပယူအဆများ၊ ကောက်နုတ်သင်ကြားချက်များ၊ ဂါထာပါဠိများ၊ ကဗျာများဖြင့် ဖလှယ်၍ သုံးသင့်သည်ဟု ယူဆရသည့် အကြောင်းအရာမာတိကာများကို ခရေပွင့်ဖြင့် အမှတ်သင်္ကေတပြုကာ တင်ပြထားပါသည်ဘုရား။ အချို့သော မာတိကာများသည် အတန်းတိုင်းတွင် ပါဝင်နေပါသော်လည်း တစ်ဆင့်ထက်တစ်ဆင့် အကျယ်ချဲ့၍ သင်ကြားပေးကြပါသည်ဘုရား။ အချို့သော ဂါထာပါဠိများကို ပထမပါဒမျှသာ ဖော်ပြထားပါသည်ဘုရား။ ဇာတ်တော်များကိုလည်း အမည်မျှသာ ဖော်ပြပေးထားပါသည်ဘုရား။ မဟာမင်္ဂလသုတ်နှင့် မြန်မာတို့၏ မင်္ဂလသုတ်သည် အမည်မျှသာ ကွဲပါသည်ဘုရား။ ဆရာတော်တို့၏ စိတ်ဆန္ဒအတိုင်း တပည့်တော်တို့ နိုင်ငံ၏ ခေတ်လူငယ်များနှင့် သင့်လျော်သည်ကို ဖြည့်စွက်၍ မသင့်လျော်သည်ကို ပယ်ဖျက်ကာ ပြုပြင်နိုင်ပါသည်ဘုရား။ တပည့်တော်များအနေဖြင့်လည်း သီရိလင်္ကာနိုင်ငံတွင် ပြဋ္ဌာန်းထားသော Sunday School စာအုပ်များကို နည်းမှီ၍ တပည့်တော်တို့နိုင်ငံ၊ ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေ ဖြစ်မည်ဟု ယူဆသည့် အချက်များကို ထည့်သွင်းပြီး Sunday School ခေါ် Dhamma School စာအုပ် မူကြမ်းကိုလည်း ရေးသားပြုစုရန် စီစဉ်နေပါပြီဘုရား။

ထို့ကြောင့် တပည့်တော်တို့သည် ဗန်းမော်ဆရာတော်ကြီး၏ ဩဝါဒအတိုင်း သီရိလင်္ကာနိုင်ငံက Sunday School ခေါ် Dhamma School နှင့် ပတ်သက်ပြီး သမိုင်း၊ လက်ရှိအခြေအနေနှင့် အကျိုးသက်ရောက်မှုများကို လေ့လာမှတ်သားပြီး ဆရာတော်ကြီးများထံ ပေးပို့ လျှောက်ထားလိုက်ရခြင်း ဖြစ်ပါသည်ဘုရား။




**Sunday School ခေါ် Dhamma School သမိုင်း**

တပည့်တော်တို့ မြန်မာနိုင်ငံတွင် Sunday School ခေါ် Dhamma School စနစ် တည်ထောင်ပြဋ္ဌာန်းရေးအတွက် တိုက်ရိုက်အားဖြင့် မသက်ဆိုင်လှသော်လည်း

သီရိလင်္ကာနိုင်ငံတွင် Sunday School ခေါ် Dhamma School စတင်ဖြစ်ပေါ်လာပုံ အကြောင်း သမိုင်းအကျဉ်းကို အနည်းငယ်မျှ တင်ပြလိုက်ရပါသည်ဘုရား။

သီရိလင်္ကာနိုင်ငံတွင် Sunday School ခေါ် Dhamma School ကို ဆာအော်လကော့က ၁၈၈၆-ခုနှစ်တွင် ဂေါလ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်တစ်ခုတွင် စတင်တည်ထောင်ခဲ့ပါသည်ဘုရား။ ဆာအော်လကော့သည် ၁၈၈၀-ခုနှစ်တွင် သီရိလင်္ကာ နိုင်ငံသို့ ရောက်ရှိပြီး ဗုဒ္ဓဘာသာဖြစ်လာကာ ဂေါလ်မြို့တွင် နေထိုင်သူဖြစ်ပါသည်ဘုရား။ အစောပိုင်းနှစ်များက Sunday School ခေါ် Dhamma School ကို အစိုးရက စတင် ကျင်းပပေးသည်မဟုတ်ဘဲ YMBA စသော ပုဂ္ဂလိကအသင်းအဖွဲ့များက ကိုယ်ပိုင်ဟန် များဖြင့် မိမိတို့အသင်းအဖွဲ့၏ ဂေါစရဂါမ်ဖြစ်သော ကျေးရွာများ၊ ရပ်ကွက်များနှင့် မြို့နယ်များတွင် နှစ်စဉ်ကျင်းပပေးခဲ့ပါသည်ဘုရား။

YMBA အသင်း၏ သမိုင်းမှတ်တမ်းများအရ YMBA အသင်းသည် Sunday School ခေါ် Dhamma School ကို ၁၉၀၂-ခုနှစ်က စတင် ကျင်းပပေးခဲ့ပါ သည်ဘုရား။ ထိုသို့ ကျင်းပ၍ အတန်းအသီးသီးတွင် ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများကို အတန်းအလိုက် ဆုများချီးမြှင့်ပေးခဲ့ကြပါသည်ဘုရား။ ထိုထူးချွန်သော ကျောင်းသား၊ ကျောင်းသူများကိုပင် အခြားသော အသင်းအဖွဲ့များမှ (၄င်းနှစ်များတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများကို YMBA အပြင် အခြားသော အသင်းအဖွဲ့များ မှလည်း မိမိတို့၏ ဂေါစရဂါမ်ဖြစ်သော ကျေးရွာများ၊ ရပ်ကွက်များ၊ မြို့နယ်များတွင် ကျင်းပပေးကြပါသည်)။ အတန်းအသီးသီးအလိုက် ထူးချွန်သော ကျောင်းသား၊ ကျောင်း သူများ ထပ်မံ ယှဉ်ပြိုင်စေကာ အထူးချွန်ဆုံးကျောင်းသားကို YMBA မှ ဆုပေးကြ ပါသည်ဘုရား။ ထိုသို့ အသင်းအဖွဲ့က ကျင်းပပေးနေစဉ် အစိုးရဘက်မှလည်း စာရေး ကိရိယာများ၊ အဝတ်အစားများထောက်ပံ့၍လည်းကောင်း၊ Sunday School ခေါ် Dhamma School ကို ၆-တန်းအဆင့်မှ အထက် ၁၂-တန်းအဆင့်များကို အစိုးရ လက်အောက်ခံ သာသနာရေးဝန်ကြီးဌာနမှ ကျင်းပပေး၍လည်းကောင်း ထောက်ပံ့ပေး ခဲ့ပါသည်ဘုရား။

၂၀၀၇-ခုနှစ်တွင် အစိုးရသာသနာရေးဝန်ကြီးဌာနက ပုဂ္ဂလိအသင်းအဖွဲ့များထံမှ Sunday School ခေါ် Dhamma School ကို လွှဲပြောင်းရယူကာ ၁-တန်းမှ ၁၂-တန်းအထိ အတန်းများ အသီးသီးခွဲခြားသတ်မှတ်ကာ ယနေ့အချိန်အထိ နှစ်စဉ်မပြတ် သင်ကြားပို့ချပေးကာ စာမေးပွဲများလည်း ကျင်းပပေးခဲ့ပါသည်ဘုရား။ ၁၁-တန်းနှင့်

၁၂-တန်းကို အထူးကြပ်မတ်၍ သင်ကြားပေးပြီး စာမေးပွဲကိုမူ အခြား (၁)တန်းမှ (၁၀)တန်း ကဲ့သို့ သာသနာရေးဌာနမှ ကျင်းပပေးသည် မဟုတ်ဘဲ နိုင်ငံတော်အစိုးရမှ အခြားအစိုးရ အထက်တန်းကျောင်းများကဲ့သို့ နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကာ ကျင်းပပေးပါသည်ဘုရား။ ထို ၁၁-တန်းနှင့် ၁၂-တန်း အောင်မြင်ပြီးသူများသည် တက္ကသိုလ်တစ်ခုခုမှ Buddhist Studies (ဗုဒ္ဓဘာသာလေ့လာရေးဌာန)သို့ တက်ခွင့်ရနိုင်အောင်လည်း စီစဉ်ပေးထားပါသည်ဘုရား။

**လက်ရှိအခြေအနေ**

ယခု သီရိလင်္ကာနိုင်ငံတွင် Sunday School ခေါ် Dhamma School ၏ လက်ရှိအခြေအနေမှာ အားရဖွယ်ကောင်းလှပါသည်ဘုရား။ Sunday School ခေါ် Dhamma School ကို တနင်္ဂနွေနေ့တိုင်း ဘုန်းကြီးကျောင်းများတွင် သင်ကြားရပါသည်ဘုရား။ တနင်္ဂနွေနေ့တွင် မနက် (၈) နာရီမှ စတင်ကာ (၁၁) နာရီအထိ ဘုန်းတော်ကြီးကျောင်းတိုင်း၌ ကလေးငယ်များကို အတန်းအလိုက် ဗုဒ္ဓစာပေများ သင်ကြားနေရသည်ကို မြင်တွေ့ရပါသည်ဘုရား။

ကလေးငယ်များ ဘုန်းကြီးကျောင်းကိုရောက်သည်နှင့် တံမြက်စည်းလှည်းခြင်း၊ ဘုရားကပ်ရန် ပန်းခူးခြင်းများ ပြုလုပ်ကြရပါသည်ဘုရား။ တစ်ချို့လည်း မိမိတို့အိမ်မှ ပန်းများ ယူလာကြပါသည်ဘုရား။ အချိန်စေ့၍ သံချောင်းခေါက်သောအခါ ကျောင်းသူ ကျောင်းသားများက မိမိတို့စာသင်ရာ ကျောင်းမှဘုရား (သို့မဟုတ်) ဗောဓိပင်ဆီထိ ရောက်အောင် စီတန်းကြရပါသည်ဘုရား။ ထိုသို့စီတန်းရာတွင် ကျောင်းသူ၊ ကျောင်းသားများကို ကျောင်းသားကြီးများက ဦးဆောင်၍ စနစ်ကျအောင်နှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍများ အလေ့အကျင့်ရရှိအောင် လုပ်ဆောင်ကြရပါသည်ဘုရား။ ၎င်းနောက် ခူးထားသောပန်းများ အမွှေးတိုင် ဖယောင်းတိုင်များကို ၄၊ ၅၊ ၆ ယောက်က တန်းစီနေသော ကလေးများရှေ့မှ စီတန်းကာ လက်ဖြင့်ထိစေ၍ ဘုရား (သို့မဟုတ်) ဗောဓိပင်ဆီသို့ ယူဆောင်သွားကြပါသည်ဘုရား။ ပန်းများ ဆီမီးတိုင်များ ယူဆောင်လာသော ကလေးများ ဘုရား သို့မဟုတ် ဗောဓိပင်သို့ရောက်သောအခါ အားလုံးပြိုင်တူ ဘုရားရှိခိုးမှုများ၊ ဗောဓိပူဇာပါဠိဂါထာများကို ရွတ်ဖတ်ကာ ပူဇော်ကြပါသည်ဘုရား။

ဘုရားရှင်အား ပန်းကပ်ခြင်း၊ ဆီမီးပူဇော်ခြင်းများပြုပြီးသောအခါ မိမိတို့နေရာ ခန်းမဆောင်သို့ ပြန်၍ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်၊ လက်ထောက်ဦးဇင်း၊ သို့မဟုတ် ကိုရင်တို့ထံမှ သီလယူကြရပါသည်။ သီလယူပြီးနောက် မိမိတို့သက်ဆိုင်ရာ

အတန်းအသီးသီးရှိ ဗုဒ္ဓစာပေများကို စေတနာဝန်ထမ်းအဖြစ် လုပ်ကိုင်ကြသော ဆရာဆရာမများထံမှ သင်ယူကြရပါသည်ဘုရား။ ကျောင်းစာသင်ပြီး၍ အိမ်ပြန်ကြသောအခါတွင် ကျောင်းသားများက မိမိတို့ဆရာ ဆရာမများကို ဦးချကာ ပြန်သွားကြပါသည်ဘုရား။ ကျောင်းဆရာ ဆရာမများကလည်း ထိုကျောင်းတွင် အသက်အကြီးဆုံးဖြစ်သော ကျောင်းဆရာ သို့မဟုတ် ဆရာမကြီးကို ရိုသေသောအားဖြင့် ရှိခိုးကာ ပြန်ကြပါသည်ဘုရား။

တစ်ခုထူးခြားသည်မှာ Sunday School ခေါ် Dhamma School ကို ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပေးသော်လည်း (စတင်တည်ထောင်ခါစက ဘုန်းတော်ကြီးများ ကိုယ်တိုင် သင်ကြားပေးသည်မှာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း) ယခုအခါတွင် ဘုန်းတော်ကြီးများ မဖြစ်မနေ ဝင်ရောက်သင်ကြားခြင်းများကိုမူ မတွေ့ရပါဘုရား။ အကယ်၍ ကျောင်းဆရာ မလုံလောက်သောအခါ၊ ဆရာများ မအားလပ်၍ မလာရောက်နိုင်ရာ အခါများတွင်သာ ဘုန်းတော်ကြီးများကိုယ်တိုင် ပါဝင်သင်ကြားပေးကြသည်ကို မြင်တွေ့ရပါသည်ဘုရား။

**လျှောက်ထားလွှာ နိဂုံး**

ဖန်းမော်ဆရာတော် အမှူးရှိသော နိုင်ငံတော် သံဃနာယကဆရာတော်ကြီးများဘုရား...

Sunday School ခေါ် Dhamma School ၏အကျိုးကျေးဇူးကြောင့် ကလေးများ ဗုဒ္ဓဘာသာကို ကောင်းစွာသဘောပေါက် နားလည်လာကြသည်ကို ထင်ထင်ရှားရှား တွေ့မြင် သိရှိရပါသည်ဘုရား။ ဗုဒ္ဓဘာသာကို နားလည်လာသည့်အလျောက် ယဉ်ကျေးသော လူ့အဖွဲ့အစည်း တစ်ခု ဖြစ်လာကြပါသည်ဘုရား။ မြန်မာနိုင်ငံတွင် ရဟန်းသံဃာနှင့် ယနေ့ခေတ် လူငယ်များ ဆက်ဆံရေးသည် တစ်စတစ်စ ဆုတ်ယုတ်ကွာခြားနေသည်ကို စိတ်မကောင်းစွာ တွေ့မြင်နေရပါသည်ဘုရား။ မျိုးဆက်သစ်လူငယ်များမှာ ဘာသာရေးအသိစိတ်ဓာတ် မကြွယ်ဝမှုကြောင့် ရဟန်းသံဃာများနှင့် သူစိမ်းတစ်ရံဆန်နေသကဲ့သို့ ဖြစ်နေရပါသည်ဘုရား။ ထိုကွက်လပ်ကို Sunday School ခေါ် Dhamma School အစီအစဉ်က ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု တပည့်တော်များ ယုံကြည်မျှော်လင့်မိပါသည်ဘုရား။

ဤနိုင်ငံတွင်ကား ဆရာနှင့်ဒကာ **'ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ'** ဆိုသလို တက်ညီလက်ညီရှိနေကြသည်ကို တွေ့မြင်ရသည်မှာ အားရကျေနပ်ဖွယ် ကောင်းလှပါသည်ဘုရား။

မြတ်စွာဘုရား၏ အဆုံးအမများအောက်တွင် ကြီးပြင်းလာသောကြောင့် သားဆိုးသမီးဆိုးများ ဖြစ်မလာနိုင်ပါဘုရား။ လိမ္မာသောသားသမီးများ၏ မိဘများဖြစ်ကြသောကြောင့်လည်း စိတ်ချမ်းမြေ့ဖွယ် မိသားစုအဖြစ် ရပ်တည်လာနိုင်ပါသည်ဘုရား။ သားဆိုးသမီးဆိုးများ မဖြစ်စေဘဲ ယဉ်ကျေးသိမ်မွေ့သော သားသမီးအလိမ္မာများဖြစ်အောင် သင်ကြားပေးသည့်အတွက်လည်း သားရှင်သမီးရှင်မိဘများမှ သာသနာတော်အား ကျေးဇူးတုန့်ဆပ်သည့်အနေဖြင့် ပြန်လည်စောင့်ရှောက်ကြသောကြောင့် မြတ်စွာဘုရား၏ သာသနာတော်လည်း စည်ပင်ပြန့်ပွားကြပါသည်ဘုရား။

ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်သည့်အလျောက် ရာဇဝတ်မှုများ နည်းပါးလာခြင်း၊ ထိုရာဇဝတ်မှုများ နည်းပါးသည့်အတွက် ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းအဖြစ်ပါ ရပ်တည်လာနိုင်သည်ကို တွေ့ရပါသည်ဘုရား။ ရဟန်းသံဃာများနှင့် ထိတွေ့ဆက်ဆံရသည့်အတွက် အခါအခွင့်သင့်တိုင်း မြတ်စွာဘုရား၏ တရားတော်များကို မကြာမကြာ နာယူရသောကြောင့်လည်း လိမ္မာယဉ်ကျေးသော လူ့အဖွဲ့အစည်းအဖြစ်လည်း ရပ်တည်လာနိုင်ပါသည်ဘုရား။

တပည့်တော်တို့ မြန်မာနိုင်ငံတွင် မျိုးဆက်သစ်လူငယ်များမှာ ဘာသာရေးအသိနည်းပါးမှုကြောင့် အခြားဘာသာများသို့ ကူးပြောင်းကြသူများ များစွာရှိနေသည်ကို စိတ်မကောင်းဖြစ်ရပါသည်ဘုရား။ စီးပွားရေး နိမ့်ပါးမှုကြောင့်၊ ဆင်းရဲမှုကြောင့်ဟု အချို့က ဆိုတတ်ကြသော်လည်း အဓိက ပြဿနာမှာ ဘာသာရေးဗဟုသုတ နည်းပါးခြင်း၊ ဘာသာရေးအသိစိတ်ဓာတ်များ ထုံမွှမ်းထားမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု ယုံကြည်မိပါသည်ဘုရား။

သီရိလင်္ကာနိုင်ငံတွင်ကား ဘာသာရေးကို ကောင်းမွန်စွာ နားလည်ထားခြင်းကြောင့် စီးပွားရေးနိမ့်ပါးမှုများရှိလင့်ကစား အခြားဘာသာများက ဆွဲဆောင်သိမ်းသွင်းလာလျှင် ဘာသာပြောင်းသွားသူများ ရှားပါးလှပါသည်ဘုရား။ ဤနိုင်ငံသည် ဗုဒ္ဓသာသနာ မပျောက်ပျက်အောင် သို့မဟုတ် သာသနာတိုးပွားစည်ပင်အောင် လုပ်ဆောင်ရမည့် တာဝန်သည် ရဟန်းသံဃာများ၏ တာဝန်ဟုသာ သဘောမထားဘဲ လူပုဂ္ဂိုလ်များနှင့်ပါ သက်ဆိုင်သည်ဟု ယူဆထားဟန်ရှိပါသည်ဘုရား။ ထိုသို့ဖြစ်နေခြင်းမှာ လူဝတ်ကြောင်များကိုလည်း ဗုဒ္ဓဘာသာနှင့် စပ်သော သဘောတရားများကို သင်ကြားပေးထားသည့်အတွက် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ လူဝတ်ကြောင်များကလည်း ဗုဒ္ဓဘာသာနှင့် ပတ်သက်လာလျှင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရပါသည်ဘုရား။

Sunday School ခေါ် Dhamma School သင်တန်းများ ဖွင့်လှစ်ခြင်းကြောင့် ရရှိနေသော အကျိုးကျေးဇူးများကို ရေးသားရလျှင် ကုန်နိုင်ဖွယ်ပင် မရှိပါဘုရား။ Sunday School ခေါ် Dhamma School သင်တန်းဖွင့်လှစ်ခြင်းသည် ဗုဒ္ဓတရားတော်များနှင့်အညီ ယဉ်ကျေးသော လူ့အဖွဲ့အစည်း ပေါ်ပေါက်လာစေရေးပင် ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ မြန်မာနိုင်ငံကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံတစ်ခုအနေဖြင့်လည်း ဆရာနှင့်ဒကာ ဘာသာရေးအသိ စိတ်ဓာတ်များ ပိုမိုနိုးကြားတက်ကြွပြီး ဗုဒ္ဓဘာသာ အရှည်ခံ့တည်တံ့စေရန်အတွက် Sunday School ခေါ် Dhamma School က အပြည့်အဝ အကူအညီပေးနိုင်ပါလိမ့်မည်ဟု ယုံကြည်မိပါသည်ဘုရား။ Sunday School ခေါ် Dhamma School အစီအစဉ်များ နိုင်ငံအနှံ့ ကျောင်းတိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်း နည်းလမ်းမှန်ကန်စွာဖြင့် မသင်မနေရ စနစ်တစ်ခုဖြစ်အောင် တည်ထောင်ဖွင့်လှစ်နိုင်လျှင် ဘာသာရေးအသိစိတ်ဓာတ်များ ရှင်သန်နိုးကြားလာရုံမျှမက အကြောင်းအမျိုးမျိုးကြောင့် ဘာသာကူးပြောင်းသွားခြင်းများကိုလည်း ပပျောက်သွားစေနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်ဘုရား။

သို့အတွက်ကြောင့် မိမိတို့ မြန်မာနိုင်ငံတွင်လည်း ဗုဒ္ဓတရားတော်များနှင့်အညီ ယဉ်ကျေးသော လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးအတွက် နဂိုရှိနှင့်ပြီးသော ယဉ်ကျေးမှုစာပေများ၊ သင်တန်းများ၊ အဖွဲ့အစည်းများအတွက် အထောက်အကူပြုစေရန်နှင့် နည်းစနစ်အသစ်များရစေရန် ရည်သန်၍ သီရိလင်္ကာနိုင်ငံတွင် လက်ရှိကျင်းပပေးနေသော Sunday School ခေါ် Dhamma School ကျောင်းများ၏ သမိုင်းများ၊ လက်ရှိအခြေအနေများ၊ အကျိုးသက်ရောက်မှုများကို အနည်းငယ်စီမျှ နည်းယူဖွယ်၊ ဗဟုသုတရဖွယ် အဖြစ် ရေးသားပေးပို့ပြီး လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။

တပည့်တော်များအမြင်အရ ဗုဒ္ဓဘာသာနှင့်မြန်မာနိုင်ငံသည် ခွဲခြား၍ ရကောင်းသောအရာ မဟုတ်ပါဘုရား။ ဗုဒ္ဓဘာသာနိုင်ငံသည် မြန်မာတစ်ခုသာ မဟုတ်သော်လည်း မြန်မာနိုင်ငံကိုကား ဗုဒ္ဓဘာသာအဖြစ်သာ ထာဝရမြင်တွေ့လိုကြပါသည်ဘုရား။ တပည့်တော်တို့ ဗုဒ္ဓဘာသာအမိမြန်မာ့မြေပေါ်တွင် ကမ္ဘာတည်သရွေ့ အရှည်ခံ့တည်တံ့စေလိုလျှင် Sunday School ခေါ် Dhamma School ကဲ့သို့သော မျိုးဆက်သစ်လူငယ်များအတွက် ဘာသာရေးအသိစိတ်ဓာတ် ကြွယ်ဝနိုးကြားလာစေနိုင်သော အစီအစဉ်များကို နိုင်ငံတော်အဆင့် သတ်မှတ်ပြဋ္ဌာန်းပေးသင့်သည်ဟု လေးလေးနက်နက် ယုံကြည်မိကြပါသည်ဘုရား။ ဆရာတော်ကြီးများအနေဖြင့်လည်း တပည့်တော်များ၏ လျှောက်ထားလွှာကို မေတ္တာ၊ ကရုဏာရှေ့ထားပြီး ထည့်သွင်းစဉ်းစားပေးတော်မူကြပါရန်လည်း

ဂရုဂါရဝ၊ နိဝါတဖြင့် တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။ သို့ပါသော်လည်း တပည့်တော်များ၏ အသိအမြင် နည်းပါးမှုကြောင့် ဆရာတော်ကြီးများအပေါ် အဂါရဝ၊ အနိဝါတအနေမျိုး ဖြစ်လာခဲ့လျှင် မေတ္တာ၊ ကရုဏာ တရားရှေ့ထားကာ ခွင့်လွှတ်သည်းခံပေးတော်မူကြပါရန်လည်း လျှောက်ထား အပ်ပါ သည်ဘုရား။

**ပထမအကြိမ် - ပဉ္စမအကြိမ်အထိ Sunday School ခေါ် Dhamma School နှင့် ပတ်သက်၍ အစည်းအဝေး တက်ရောက်သော သံဃာတော်များစာရင်း**

| | |
|---|---|
| ၁။ ဦးအဂ္ဂဝံသ (နာယက - ရန်ကုန်) | ၂။ ဦးစက္ကပါလ (နာယက - မန္တလေး) |
| ၃။ ဦးဇောတိက | ၄။ ဦးကုသလသာမိ |
| ၅။ ဦးရာဇိန္ဒာလင်္ကာရ | ၆။ ဦးပညာဓဇ |
| ၇။ ဦးနိမလ | ၈။ ဦးကောမလ |
| ၉။ ဦးဇာဂရ | ၁၀။ ဦးစိန္တိတ |
| ၁၁။ ဦးကိတ္တိသာရ | ၁၂။ ဦးနန္ဒာစာရ |
| ၁၃။ ဦးကုမာရ | ၁၄။ ဦးပရမ |
| ၁၅။ ဦးဝိလာသ | ၁၆။ ဦးစန္ဒာဝရ |
| ၁၇။ ဦးဝိလာသဂ္ဂ | ၁၈။ ဦးပညာစက္က |
| ၁၉။ ဦးရာဇဓမ္မ | ၂၀။ ဦးသောဘိတဓမ္မ |
| ၂၁။ ဦးဇဝန | ၂၂။ ဦးဝိသာရဒ |
| ၂၃။ ဦးဥတ္တမာနန္ဒ | ၂၄။ ဦးစန္ဒာသိရီ |

Sunday School ခေါ် Dhamma School
အကျိုးဆောင်သံဃာတော်များ
သီရိလင်္ကာနိုင်ငံ
(၅. ၃. ၂၀၁၁)

ဤလျှောက်ထားလွှာကို စတင်ခြေရာခံမိသည်မှာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ရုံး)ရှိ ကွန်ပြူတာ တစ်လုံးဆီ အခြားလိုချင်သောအချက်အလက်ကိုရှာဖွေရင်း တွေ့ရှိခဲ့သော အပိုင်းအစမှသည် အရှင်အဂ္ဂဝံသ (ယခင် သီရိလင်္ကာ မြန်မာကျောင်း နာယကဆရာတော် ၄-ပါးမှ တစ်ပါး)ထံမှ လျှောက်ထားလွှာ မူရင်းစာ စတင်တွေ့ခဲ့သည်။

ထိုလျှောက်ထားလွှာစာအရ မြန်မာနိုင်ငံ၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဓမ္မစကူးလ် လုပ်ငန်းစဉ်များ မစတင်မီ သီရိလင်္ကာရောက် မြန်မာကျောင်းသားရဟန်း တော်များအဖွဲ့က စတင်ကြိုးစားခဲ့ကြောင်း သိရှိနိုင်ပါသည်။

ဓမ္မစကူးလ်ဂျာနယ် အယ်ဒီတာအဖွဲ့အနေဖြင့်လည်း ဓမ္မစကူးလ်ဖောင်ဒေးရှင်း မိသားစုများနှင့် စာဖတ်သူများအား ဓမ္မစကူးလ် စတင်အခြေတည်လာပုံကို သိရှိနိုင်စေရန် အတွက်သာ ဖော်ပြခြင်းဖြစ်သည်။

အယ်ဒီတာအဖွဲ့



# သတ္တိရှင်အမျိုးသမီး (၁)

**အရှင်ယောနက**

မြတ်စွာဘုရားက မာတုဂါမလို့ ကျမ်းဂန်က ခေါ်ဝေါ်တဲ့ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး စိုးရိမ်တကြီး မေးလာတဲ့ အရှင်အာနန္ဒာကို ဖြေကြားပုံ ပထမပြောချင်ပါတယ်။

* ကထံ မယံ ဘန္တေ မာတုဂါမေ ပဋိပဇ္ဇာမ = မာတုဂါမတွေနဲ့ ပတ်သက်လို့ ဘယ်လိုကျင့်သုံးရမှာပါလဲ မြတ်စွာဘုရား၊

* အဒဿနံ အာနန္ဒ = မတွေ့မမြင်အောင်နေ အာနန္ဒာ၊

* ဒဿနေ ကထံ ပဋိပဇ္ဇိတဗ္ဗံ = တွေ့နေမြင်နေပါက ဘယ်လိုကျင့်သုံးရမှာပါလဲ မြတ်စွာဘုရား၊

* အနာလာပေါ အာနန္ဒ = စကားမပြောနဲ့ အာနန္ဒာ

* အာလပန္တေ ကထံ ပဋိပဇ္ဇိတဗ္ဗံ = စကားမပြောမဖြစ် ပြောရပါက ဘယ်လိုကျင့်သုံးရမှာပါလဲ မြတ်စွာဘုရား၊

* သတိ အာနန္ဒ ဥပဋ္ဌာပေတဗ္ဗာ = အမေ၊ အစ်မ၊ နှမလို သတိထားပြီး (အမှတ်ပြုပြီး)ပြော အာနန္ဒာ၊

အရှင်အာနန္ဒာ အမေးကို ဘုရားရှင်က ဖြေကြားထားတာပါ။ ဒါကို ထောက်ရင် သာသနာ့ဝန်ထမ်း ရဟန်းတော်တွေနဲ့ ပစ္စည်းလေးပါး ဒါယိကာမာတုဂါမတို့ရဲ့ ဆက်ဆံရေးမှာ အမြဲတမ်း သတိကပ်နေရမယ်ဆိုတဲ့ အဖြေပေါ်ပါတယ်။

ယခု မျက်မှောက်ခေတ် ဓမ္မစကူးလ်ကျောင်းတော်တွေနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာအောင် ဖြစ်ပြီးတည်ရှိနေအောင်၊ တည်ရှိရာက တိုးပွားလာအောင် ဆောက်ရွက်နေသူတွေ အများစုက ရဟန်းတော်တွေချည်းပါ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်တွေရဲ့ စီမံချက်ကို အကောင်အထည်ဖော် အားကြိုးမာန်တက်ဆောင်ရွက်အားထုတ်နေသူ အများစုက မာတုဂါမခေါ်တဲ့ အမျိုးသမီးတွေသာ ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ သာသနာမှာ သတိမပါဘဲ ဆောင်ရွက်ရင် မာတုဂါမဟာ အကြီးမားဆုံး အန္တရာယ်အပေးနိုင်ဆုံး ရန်သူပဲလို့ အမေး-အဖြေက ဖော်ပြနေပါတယ်။ အမေး-အဖြေသာ မကပါဘူး။ မိထွေးတော်ဂေါတမီ ဘိက္ခုနီပြုဖို့ ခွင့်တောင်းတာကို လုံးဝလက်မခံတာရယ်၊ အရှင်အာနန္ဒာက ကြားကဝင်တောင်းပန်လျှောက်ထားတဲ့အခါ ၃-ကြိမ်လျှောက်သုံးကြိမ်လုံး ပယ်ချတော်မူတာရယ်၊ (နည်းပရိယာယ် စကားပြောင်းပြီး လျှောက်ထားမှ ခွင့်ပြုတာ)ကို ထောက်ဆကြည့်ပါကလည်း ဒီအချက်ပဲ ရှင်းရှင်းပြတ်ပြတ် ပေါ်လွင်တာ ဖြစ်ပါတယ်။

'သလ္လပေ အသိဟတ္ထေန = ခုတ်သတ်မယ်လို့ ဓားနဲ့ ရွယ်မိုးထားသူကို စကားပြောပါ။
ပိသာစေနပိ သလ္လပေ = မိမိကိုစားဖို့ ခံတွင်းဟနေတဲ့ မြေဘုတ်ဘီလူးနဲ့ စကားပြောပါ။
အာသီဝိသံ အာသီဒေ = ကိုက်လိုက်ရင် ချက်ချင်းသေစေနိုင်တဲ့
ယေန ဒဋ္ဌော နဇီဝတိ = မြွေဆိုးကို ထိကိုင်ပါ။
နတွေဝ ဧကော ဧကာယ = အဖော်မရှိဘဲ တစ်ယောက်ချင်းတော့ ဘယ်တော့မှ
မာတုဂါမေန သလ္လပေ = မာတုဂါမနဲ့ စကားမပြောပါနဲ့'ဆိုတဲ့ ဒေသနာတော်ကလည်း ဒီအချက်ကိုပဲ ခိုင်မြဲစေပါတယ်။

ဒါကြောင့်မို့ အန္တရာယ်ကို ကိုယ်စီပိုက်ထားပြီး တကယ့် သဒ္ဓါ၊ တကယ့် စေတနာ၊ တကယ့် ဆန္ဒ-ဝီရိယနဲ့ ကြိုးစားနေကြတဲ့ ဓမ္မစကူးလ်ဖောင်ဒေးရှင်းကြီးအတွက် (ဓမ္မစကူးလ်ကျောင်းအားလုံးအတွက်) သတ္တိရှင်အမျိုးသမီးလေး တစ်ယောက်အကြောင်းကို တင်ပြချင်ပါတယ်။ ဒီသတ္တိရှင် အမျိုးသမီးလေးရဲ့ ဘဝလွတ်မြောက်ရေး ရုန်းကန်အားထုတ်မှုဟာ အန္တရာယ်နဲ့ ကြိုးစားနေရသူအားလုံးကို လမ်းပြတဲ့ မီးရှူးတိုင် အလင်းတိုင်ကြီးပမာ ဖြစ်တယ်လို့ ဤစာရေးသူကတော့ ယူဆထားပါတယ်။

ဒီ - သတ္တိရှင် အမျိုးသမီးလေးကတော့ ကုဏ္ဍလကေသီ-လို့ လူသိများတဲ့ ရဟန်းမလေး ကုဏ္ဍလကေသာ ဖြစ်ပါတယ်၊ ရာဇဂြိုဟ်ပြည်က သူဌေးမျိုးမှာ သူမကို မွေးခဲ့ပါတယ်၊ သူမကို ဘဒ္ဒါလို့ နာမည်ပေးပါတယ်၊ ကုသိုလ်ပါရမီ အလွန်ရင့်မာအားကောင်းသူပါ။ ကဿပဘုရားရှင် လက်ထက်က နာမည်ကျော် ကိကီမင်းကြီး သမီးတော်အပျိုစင် (ကောမာရိဗြဟ္မစရိယကျင့်သူ)၊ (၇)ယောက်မှာ **ဘိက္ခုဒါယိကာ** အမည်နဲ့ ပါဝင်ခဲ့သူပါ။ နှစ်ပေါင်း ၂၀၀၀၀ (နှစ်သောင်း) တိုင်တိုင် ကိလေသာကာမဂုဏ်အာရုံအတွေ့တွေကို တံတွေးပမာ လွန်စွာစက်ဆုပ်ပြီး အကျင့်သီလကုသိုလ် ဓမ္မမှာသာ ပျော်နေကြတဲ့ ညီအစ်မအရင်းအချာတွေ ဖြစ်ကြပါတယ်။ ထိုစဉ်က ကာမဂုဏ်ကို စက်ဆုပ်ခဲ့သလောက်-

ယခုလို ကဿပဘုရားရှင်လက်ထက်မှာ ကိလေသာကာမဂုဏ်ကို အလွန်စက်ဆုပ်ခဲ့သူ သူဌေးသမီးလေး ဘဒ္ဒါဟာ ခိုးသားသေဒဏ်ကျ သတ္တုကကို သူသတ်ကုန်းသို့ သတ်ဖို့ ခေါ်သွားတာကို မြင်ရပြီး မနေနိုင် မစားနိုင် မအိပ်နိုင် အရူးပမာ စွဲလမ်းသွားတာပါပဲ၊ ရှေးရေစက်ကြောင့်လို့ အကြောင်းပြကြပေမဲ့ တကယ်တော့ ဒီခေတ် ခေတ်မီလွန်းတဲ့ အမျိုးသမီးတွေလို စိတ်ဆန္ဒအလိုအတိုင်း ကိုယ်ခန္ဓာကို ခိုင်းစေကြသလိုပါ၊ ကိလေသာစိတ်က မတားနိုင် မဆီးနိုင် ထိန်းမရဖြစ်ပေါ်လာလို့ မိဘတွေက ငွေကြေးအမြောက်အမြားနဲ့ ဝန်ထမ်းမှူးမတ်တွေကို လာဘ်ထိုးပြီး လူစားသွင်းစေကာ သတ္တုကကို အိမ်ပေါ်ခေါ် သမီးနဲ့ ပေးစားလိုက်ရပါတယ်။

ပင်ကိုဗီဇက မကောင်းခဲ့တဲ့ သတ္တုကဟာ သူ့ဗီဇအတိုင်း လူသတ်ပစ္စည်းယူမယ့်အကြံနဲ့ ဗလိနတ်စာ ပူဇော်ဖို့ဆိုပြီး သူဌေးသမီး ဘဒ္ဒါကို စောရိပါတ တောင်ထိပ်ပေါ်ခေါ်သွားပါတယ်၊ ရောက်တော့ အမှန်ဖွင့်ပြောပြီး ပစ္စည်းယူ လူသတ်ဖို့ စီမံပါတော့တယ်။ ဒီမှာတင် ဘဒ္ဒါဟာ သူမရဲ့ ပင်ကိုဗီဇ ပညာသတ္တိကို အသုံးပြုတော့တာပါ။ 'ကျွန်မက ရှင့်ကို တကယ်တန်ဖိုးထားပြီး ချစ်မြတ်နိုးခဲ့ပါတယ်၊ ဒါပေမယ့် ရှင်က မချစ်မှတော့ ရှင့်အလိုရှိသလို ပြုလုပ်ပါတော့ ပြုလုပ်နိုင်ပါတယ်။ ဒါပေမဲ့ - ကျမရဲ့ ချစ်မြတ်နိုးမှုကိုလည်း ခွင့်ပြုပါ။ မသေခင် ချစ်မြတ်နိုးခွင့်ပြုပါ၊ အခု ကျွန်မဝတ်ဆင်ထားတဲ့ ရတနာတွေနဲ့ အတိုင်း ရှင့်ကို ရှေ့ရော နောက်ရော လှည့်ပတ်ပွေ့ဖက် နှုတ်ဆက်ပါရစေ-လို့ ခွင့်တောင်းပါတယ်။ သတ္တုကကလည်း သဘောတူခွင့် ပြုပါတယ်။ တောင်ထိပ်မှာ ၂-ယောက်တည်းပဲ ရှိတယ်၊ ပိုင်ကွက်လဲ နင်းထားပြီးသားဆိုတော့ နောက်ဆုံး နှုတ်ဆက်ခွင့် ပြုလိုက်ပါတယ်၊ ဘယ်သူ့ရဲ့ နောက်ဆုံးဆိုတာတော့ သိပုံမရပါဘူး။

ဘဒ္ဒါဟာ တောင်ထိပ်စွန်းမှာ နှုတ်ဆက်ခံဖို့ ရပ်နေတဲ့ သတ္တုကကို မြတ်နိုးချစ်ဟန် ငိုကြွေးဟန်နှင့် ရှေ့ရော နောက်ပါ ပွတ်သပ် ပွေ့ဖက် နှုတ်ဆက်ပါတယ်။ မျက်စိ မမြင်နိုင်ရာ နောက်ကျောဘက် အရောက်မှာတော့ ရှိသမျှခွန်အားကို ညှစ်ထုတ်ပြီး သန်သန်မာမာ ကိုင်တွယ်ကာ ချောက်ထဲကို တွန်းချပစ်လိုက်ပါတယ်။ အမှတ်မဲ့ သတိပေါ့နေတဲ့ သတ္တုကဟာ မတ်စောက်လှတဲ့ ချောက် ကမ်းပါးထဲကို ကျသွားပြီး တောင်စောင်းတောင် ချွန်းတွေနဲ့ ထိခိုက် အပိုင်းပိုင်းပြတ် မြေပြင်မရောက်ခင်မှာဘဲ သေဆုံးသွားရပါတယ်။

ဓမ္မစကူးလ်များ အနေနဲ့ ဒီမှာ တစ်ချက် သတိပြုစေချင်ပါတယ်။ မေတ္တာထားပါ၊ **၅၂၈-ပဲထားထား၊ ၁၅၀၀-ပဲထားထားပါ၊** ဒါပေမဲ့ သတိနဲ့ဉာဏ်နဲ့ ထိန်းမရ တားမရ ဟိရီဩတ္တပ္ပ ကင်းအောင်ထားတာမျိုး ချစ်တာမျိုး လုံးဝမရှိသင့်ဘူးဆိုတာပါပဲ၊ ဘဒ္ဒါကိုယ်မှာ ကိန်းတဲ့ ကိလေသာအချစ်မျိုးမရှိဖို့ပါပဲ၊ သတိနဲ့ ဉာဏ်နဲ့ ထိန်းမရ တားမရ ဟိရီဩတ္တပ္ပကင်းနေပြီဆိုရင်တော့ ဓမ္မစကူးလ်စိတ်ဓာတ် မဟုတ်တော့ပါဘူး။ မိမိကိုယ်တိုင် စဉ်းစားဝေဖန်ကြည့်ကြပါ။ ဓမ္မစကူးလ်လုပ်ငန်းစဉ်နှင့် အတူ အားလုံးကို မေတ္တာထားကြဖို့ ဖြစ်ပါတယ်။

သတိနဲ့ ဉာဏ်ကသာ ဟိရီဩတ္တပ္ပရဲ့ ပံ့ပိုးမှုနဲ့ ကိုယ်တွင်းကိလေသာကို ထိန်းမထားကြဘူးဆိုရင် ဘုရားရှင်က အရှင်အာနန္ဒာကို ပြောပြခဲ့တဲ့ ဆက်ဆံရေးတွေ ကျိုးပျက်ပြီး သာသနာ အန္တရာယ် လူမျိုးအန္တရာယ်နဲ့ နိုင်ငံအတွက် အန္တရာယ်တွေ ပေါ်လာနိုင်ပါတယ်။ ဒီအန္တရာယ်မျိုး ပေါ်လာပြီဆိုပါက ဓမ္မစကူးလ်ဟာ မူလရည်မှန်း

ချက်အတိုင်း ဘယ်လိုမှ ရပ်တည်လို့ မဖြစ်နိုင်တော့ဘူးဆိုတာ ပြောချင်ပါတယ်။

ဘဒ္ဒါဟာ လင်ယောကျ်ား သတ္တုကုန်ခိုးသားကို ချောက်ထဲ တွန်းချပြီးတဲ့နောက်မှာ ခန္ဓာကိုယ်မှာ ဆင်သထားတဲ့ အဆင်တန်ဆာ ကျောက်မျက်ရွှေငွေရတနာတွေကို စုပုံပစ်ထားခဲ့ပြီး ခြေဦးတည့်ရာသွားပါတော့တယ်။ ဒီနေရာမှာ တစ်ချက်တင်ပြပါရစေ -

ရွှေငွေကျောက်မျက်ရတနာတွေဟာ သူမ၊ ရောက်ရာမှာ ချမ်းချမ်းသာသာနေထိုင်ဖို့ အထောက်အပံ့ ပစ္စည်းတွေပါ။ ဒါတွေကို ယူမသွားဘဲ လုံးဝ မငဲ့မကွက် မတွယ်မတာ စွန့်ပစ်ခဲ့ပါတယ်။ ဒါဟာ သူမမှာ သူတော်ကောင်းဗီဇ နိက္ခမ္မဇ္ဈာသယအားကောင်းစွာရှိနေခဲ့တယ်ဆိုတာ ဖော်ပြတာဖြစ်ပါတယ်။ ဒီလောက်ကြီးမားတဲ့ နိက္ခမ္မဇ္ဈာသယဓာတ် ပေါ်မလာအောင် သူဌေးသမီး ဘဒ္ဒါရဲ့ကိုယ်မှာ ကိန်းအောင်းနေရာယူထားတဲ့ ကိလေသာတရားဆိုးတွေက ထိန်းချုပ်ထားခဲ့ကြတယ်ဆိုတာကိုလည်း သိစေပါတယ်။

ဓမ္မစကူးလ်ရဲ့ အဓိကမောင်းနှင်လည်ပတ်အားက ဓမ္မစကူးလ် ဆရာ၊ ဆရာမတွေမှာ တည်ရှိတာပါ။ သူတို့ကြောင့်သာ ဓမ္မစကူးလ်ကျောင်းတော်တွေ ဒီရေတိုးသလို တိုးလာပြီး၊ လေအဟုန်လို ပြေးသွားပြန့်ပွားနေတာဖြစ်ပါတယ်။ ကော်မတီတွေကတော့ ပံ့ပိုးထောက်ကူရုံပဲ ဖြစ်ပါတယ်၊ ပုထုဇဉ်သာဖြစ်ကြတဲ့ ဓမ္မစကူးလ်ဆရာ ဆရာမတို့ရဲ့ နှလုံးဓာတ်မှာ ဓမ္မစကူးလ်စာတွေက ပေးထားတဲ့ အသိဓာတ် အကျင့်မြတ်တွေ ဘယ်လောက်အားကောင်းသလဲဆိုတာက သူတို့ရဲ့စွမ်းအားကို မှတ်ကျောက်တင်ပေးမှာဖြစ်ပါတယ်။ မှတ်ကျောက်တင်ခံနိုင်သရွေ့ ဓမ္မပေတံနဲ့ အတိုင်းခံနိုင်သရွေ့ ဓမ္မသတ္တိရှင် ဓမ္မစကူးလ် ဆရာ ဆရာမတွေ ဖြစ်နေကြမယ်။ ကိလေသာဆိုးတွေရဲ့

**ဓမ္မစကူးလ်ရဲ့ အဓိကမောင်းနှင်လည်ပတ်အားက ဓမ္မစကူးလ် ဆရာ၊ ဆရာမတွေမှာ တည်ရှိတာပါ။ သူတို့ကြောင့်သာ ဓမ္မစကူးလ် ကျောင်းတော်တွေ ဒီရေတိုးသလို တိုးလာပြီး၊ လေအဟုန်လို ပြေးသွားပြန့်ပွား နေတာဖြစ်ပါတယ်။ ကော်မတီတွေကတော့ ပံ့ပိုး ထောက်ကူရုံပဲ ဖြစ်ပါတယ်။**

ထိန်းချုပ်မှု မခံနိုင်ဘူးလို့ မှတ်ချက်တင်ပြပါတယ်။

ဘဒ္ဒါဟာ ခြေဦးတည့်ရာ သွားတော့ မိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ အာဇီဝကတက္ကဒွန်းတို့ ကျောင်းအာရာမ်ကို ရောက်သွားပါတယ်။ လူလောကကို ပြန်မလှည့်တော့ဘူးဆိုတဲ့ သန္နိဋ္ဌာန် အားကောင်းတာမို့ တက္ကဒွန်းရဟန်းမအဖြစ် ခံယူဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူမရဲ့ ရွေးချယ်ပုံက အတော့်ကို အံ့သြစရာ ကြက်သီးမွေးညင်းထ ထိတ်လန့်စရာ ကောင်းပါတယ်။ ဘဒ္ဒါက တိတ္ထိတက္ကဒွန်းဆရာကြီးထံမှာ ရဟန်းမ ပြုပေးဖို့ ခွင့်တောင်းတဲ့အခါ ဆရာကြီးက အညံ့စား ရဟန်းပြုမှာလား အမြတ်စားရဟန်း ပြုမှာလား-လို့ မေးပါတယ်။ အညံ့စားရဟန်းပြုတာက ခေါင်းက ဆံပင်ကို ကတ်ကြေးတို့ သင်တုန်းဓားတို့နဲ့ ရိတ်ပယ်ပြီး သင်္ကန်းဝတ်ပေးတာပါ။ အမြတ်စား ရဟန်းပြုဆိုတာက ခေါင်းကဆံပင်တွေကို ကတ်

ကြေးနဲ့မဖြတ် သင်တုန်းဓားနဲ့ မရိတ်ဘဲ ထန်းစေ့မှုတ်နဲ့ (ထန်းစေ့ ညှပ်နဲ့) ညှပ်ပြီးဆွဲ - ဆွဲနုတ်ကာ သင်္ကန်း ဝတ်ပေးတာ ဖြစ်ပါတယ်။

ဘဒ္ဒါက သတ္တိရှင်ပီပီ အမြတ်စားကို ရွေးပါတယ်။ ထန်းစေ့မှုတ်နဲ့ (ထန်းစေ့ညှပ်နဲ့) သူမခေါင်းက ဆံပင်တွေကို ဆွဲဆွဲနုတ်ကြပါတယ်။ သွေးရဲရဲ သံရဲရဲနဲ့ ဘယ်လောက်နာ ဘယ်လောက်ထိတ်လန့်စရာ ကောင်းလိုက်မလဲ မြင်ယောင်ကြည့်နိုင်ကြပါတယ်။ ဘဒ္ဒါဟာ မငြီးမငြူ ကြည်ကြည်ဖြူဖြူ ခံယူပြီး တက္ကဒွန်းရဟန်းမအဖြစ် ခံယူလိုက်ပါတယ်။

ဆံပင်တွေကို ထန်းစေ့မှုတ်နဲ့ နုတ်ထားတဲ့ ဦးခေါင်းမှာ ဆံပင်ပြန်ပေါက်တဲ့ အခါမှာတော့ ဒဏ်ရာ ဒဏ်ချက်တွေကြောင့် ဦးခေါင်းတစ်ပြင်လုံး ဆံပင်အပြည့် ညီညီညာညာ ပေါက်မလာတော့ပါဘူး။ အစုလိုက် အကွင်းအလိမ်လေးတွေအဖြစ်နဲ့ ပေါက်လာပါတော့တယ်။ လက်စွပ်ကွင်းလေးတွေနဲ့ တူတာမို့ သူမရဲ့ ဘဒ္ဒါဆိုတဲ့ နာမည်ပျောက်ပြီး ကုဏ္ဍလကေသာ= (လက်စွပ်ကွင်းသွင် ဆံပင်ရှိသူ) ဆိုတဲ့ အမည်ရောက်လာတော့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူအများကတော့ ကုဏ္ဍလကေသီ-လို့ သိကြပါတယ်။ ကုဏ္ဍလကေသာဆိုတဲ့ နာမည်ဟာ သူမရဲ့ ဦးခေါင်းပေါ်က ဆံပင်အသွင်ကြောင့်ရလာတဲ့ အနွတ္ထ (အနက်သို့ အစဉ်လိုက်တဲ့အမည်) ဖြစ်ပါတယ်။ တက္ကဒွန်းမအဖြစ်နဲ့ တရားစစ်သူကြီး အရှင်သာရိပုတ္တရာနဲ့တွေ့၊ သာသနာတော်မှာ ရဟန်းမ (ဘိက္ခုနီ) အဖြစ်ခံယူပြီး ဘုရားရှင်ဟောတဲ့ ဂါထာလေးတစ်ပုဒ်တည်းနဲ့ ရဟန္တာမထေရီမကြီး ဖြစ်သွားတာမို့ သာသနာတော်မှာ 'ခိပ္ပါ ဘိညာ' ဧတဒဂ်ဘွဲ့ မှတ်တမ်းဝင်ခဲ့ပါတယ်။

ဒီမှာလည်း ပြောချင်တာ တစ်ချက်ပါ။ ဘဒ္ဒါဟာ သူဌေးသမီးပေမဲ့ ပျော့ညံ့မှု မရှိပါဘူး၊ တက္ကဒွန်းရဟန်းပြုရာမှာ အညံ့-အမြတ် ၂-ခုမှာ အလွန်ပြင်းထန်တဲ့ နာကျင်မှုကို ခံယူပြီး အမြတ်စား တက္ကဒွန်းမအဖြစ်ကို ခိုင်ခိုင်မြဲမြဲ ခံယူခဲ့ပါတယ်။

ဓမ္မစကူးလ်ဟာ ဖြူစင်တဲ့ ပရဟိတပါ။ အသွားအပြန် မရှိပါဘူး၊ အသွားပဲရှိတဲ့ အလုပ်ပါ။ အဓိကအားဖြင့် စားဝတ်နေရေး၊ မိမိ မိသားစု သဘောတူကြည်ဖြူရေး လုပ်ဖော်ကိုင်ဖက်တွေထံက ရလာမဲ့ ကောင်း- မကောင်းဆက်ဆံရေး၊ ကော်မတီတွေရဲ့ အားပေးထောက်ကူမှု ကောင်းမွန်ပါက ပြကာ သကာ ရေစုန်မှာ မျှောလိုက်ရသလိုရှိပေမဲ့ ညံ့ဖျင်းသည်ဆိုပါက ရေဆန်ရှဉ်းကြောမှာ လက်ပစ်ကူးတက်ရသလိုဖြစ်အောင် ခက်ခဲကြမ်းတမ်းလှတဲ့ စမ်းသပ်မှုတွေက ရှေ့က အခံ့သား ဆီးကြိုတာကို ကြုံရမှာပါ။ ဒါကို သိပြီး တကယ့်သတ္တိ၊ ဘဒ္ဒါလို တကယ့် ဝီရိယနဲ့ အမြတ်စားအဆင့်နဲ့ ဓမ္မစကူးလ် ဆရာ ဆရာမဘဝ ရယူကူးပြောင်းလာဖို့ လိုအပ်ပါတယ်။ ကုဏ္ဍလကေသာဟာ ငါတို့ရဲ့ လမ်းပြမီးရှူးတိုင်ပဲလို့ မှတ်ယူ အားတက်ကြပါလို့ တိုက်တွန်းရေးသားလိုက်ပါတယ်။

အရှင်ယောနက

'သင်ယူခြင်း' နဲ့ ပတ်သက်ပြီး ပညာရှင်အသီးသီးက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပါတယ်။ လူတစ်ယောက်ဟာ သူ့ရဲ့လေ့လာမှုကြောင့် ဖြစ်စေ၊ အတွေ့အကြုံကြောင့်ဖြစ်စေ၊ သင်ကြားခံရမှုကြောင့် ဖြစ်စေ-

* အသိပညာဗဟုသုတတွေ
* ကျွမ်းကျင်မှုတွေ
* တန်ဖိုးထားမှုတွေ ရရှိသွားရင် တစ်နည်းအားဖြင့် သူ့ရဲ့ အပြုအမူတွေ ပြောင်းလဲသွားရင် အဲဒီ ဖြစ်စဉ်ကို 'သင်ယူခြင်း'လို့ ယေဘုယျအားဖြင့် ခေါ်ဆိုကြပါတယ်။ ဒီလိုသင်ယူခြင်းတွေ ဖြစ်ထွန်းအောင် ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ ပံ့ပိုးကူညီပေးသူတွေကို 'ဆရာတွေ'လို့ ခေါ်ဝေါ်သမုတ်ကြပါတယ်။

# တတိယဆရာ

# (The Third Teacher)

ဇင်ဇင်ဝင်း (ဟုမ္မလင်း)



ကလေးတစ်ဦးရဲ့ ဘဝမှာ ပထမဆရာက 'မိဘ'၊ ဒုတိယဆရာက 'သင်ကြားပြသပေးတဲ့ဆရာ' ဆိုတာကို လူအများက သိရှိလက်ခံထားကြပေမဲ့ 'ပတ်ဝန်းကျင်'က တတိယဆရာဆိုတာကို သတိမပြုမိသူတွေ များစွာရှိနိုင်ပါတယ်။ ပတ်ဝန်းကျင်ဆိုရာမှာ ရုပ်ဝန်းကျင်နဲ့ စိတ်/လူမှုဝန်းကျင်တို့ရှိကြပြီး ဓမ္မစကူးလ်ကလေးတွေ သင်ယူမှုဖြစ်ထွန်းစေဖို့အတွက် အဲဒီဝန်းကျင် နှစ်မျိုးလုံးက ထပ်တူအရေးကြီးပါတယ်။

'ပတ်ဝန်းကျင်' ဆိုတဲ့စကားလုံးဟာ သက်ရှိမှမဟုတ်ဘဲ ဘယ်လိုဖြစ်ပြီး သင်ယူသူတွေရဲ့ဆရာဆိုတဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေရတာလဲ။ သင်ယူသူတွေ အထူးသဖြင့် ငယ်ရွယ်တဲ့ကလေးတွေ သင်ယူဖို့အတွက် သူက ဘာတွေကို ဘယ်လို ပံ့ပိုး၊ အကျိုးပြုနိုင်လို့လဲ။ ... ဆိုပြီး စဉ်းစားတွေးတောနိုင်ပါတယ်။

**ဘယ်လို ပံ့ပိုး၊ အကျိုးပြုနိုင်ပါသလဲ။**

* ဝန်းကျင်ကောင်းဖြစ်အောင် ဖန်တီးထားတဲ့ ဓမ္မစကူးလ်ကျောင်းမှာရှိနေတဲ့ ကလေးတွေဟာ သူတို့အိမ်မှာနေရသလို စိတ်ခံစားမှု သက်သောင့်သက်သာရှိပါတယ်။ စိတ်လွတ်လပ်ပျော်ရွှင်ပါတယ်။

* သင်ယူမှုလုပ်ငန်းတွေကို လိုအပ်သလို နေရာပြောင်းပြီး လုပ်ဆောင်ပေးတော့ ကျောင်းသားတွေဟာ စိတ်သစ်၊ ကိုယ်သစ်၊ ဝန်းကျင်နေရာသစ်မှာ ကစားရင်း၊ စူးစမ်းလေ့လာရင်း ပိုပြီး သင်ယူနိုင်ကြတယ်။

* ပတ်ဝန်းကျင်က အရာတွေကို သုံးပြီး ကလေးတွေဟာ နက်ရှိုင်းစွာ စူးစမ်းလေ့လာ သင်ယူစေတယ်။ ကလေးတွေပါဝင်လုပ်ဆောင်မှု၊ ဆက်သွယ်ပြောဆိုမှုနဲ့ ဆက်နွှယ်မှုတွေကို အားပေးတယ်။

* ကလေးတွေ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချတတ်ဖို့၊ အမှီအခိုကင်းကင်း၊ လွတ်လွတ်လပ်လပ် လုပ်ဆောင်တတ်ဖို့ အခွင့်အလမ်းတွေ ဖန်တီးရတာ ပိုအဆင်ပြေ ပါတယ်။

* သဘာဝပစ္စည်းတွေကို ကလေးတွေ တွေ့မြင်ရ၊ ထိတွေ့ရ၊ အနံ့ခံရ အဲဒီ အတွေ့ အကြုံတွေက တစ်ဆင့်ပိုပြီးအဆင့်မြင့်၊ ရှုပ်ထွေးတဲ့ ပုံစံ၊ ဒီဇိုင်းအဆင်တွေကို သိမြင်နိုင်တယ်။

* အသက်အရွယ်၊ စွမ်းဆောင်ရည်၊ ဉာဏ်ရည်၊ သင်ယူပုံ စတာတွေမှာ မတူညီကြတဲ့ ကလေးအမျိုးမျိုးအတွက် အတွေ့အကြုံအမျိုးအမျိုးကို ရရှိစေတယ်။

* ကလေးတွေအတွက် ပတ်ဝန်းကျင်၊ နေရာကို ဂရုတစိုက်နဲ့ ကြိုတင်ပြင်ဆင်ထားမယ်ဆိုရင် စာသင်ခန်းထဲမှာ နောက်ထပ်ဆရာတစ်ဦးက ကူညီပံ့ပိုးပေးနေသလို ဖြစ်နိုင်ပါတယ်။

* ကလေးတွေဟာ သူတို့နားလည်တဲ့ သီအိုရီ သဘောတရားတွေကို စူးစမ်းရှာဖွေဖော်ထုတ်ဖို့နဲ့ ကစားရင်း အခြားသူတွေနဲ့ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ဖို့ အတွေ့အကြုံတွေ ရရှိနိုင်ပါတယ်။

* အပြင်ဘက်ဝန်းကျင်/ သဘာဝလောကနဲ့ ဆက်နွယ်မှု၊ အပြန်အလှန် ထိတွေ့ဆက်ဆံမှုတွေဟာ ကလေးတွေကို ကိုယ်ရောစိတ်ပါ ပျော်ရွှင်ကျန်းမာစေတယ်။ ကလေးရဲ့ဖွံ့ဖြိုးတိုးတက်မှု ကိုလည်း အထောက်အကူပြုပါတယ်။

* ဖန်တီးတည်ဆောက်ထားတဲ့ ပတ်ဝန်းကျင်ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ဖြစ်စေ နှစ်မျိုးစလုံးကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရင် ကလေးတိုင်း အရည်အသွေးရှိတဲ့ အတွေ့အကြုံတွေ ရရှိနိုင်တယ်။

* Experience is the best teacher

ဆိုသလို ကလေးတွေ ကိုယ်တိုင် လက်တွေ့လုပ်ဆောင်လို့ ရရှိတဲ့ အတွေ့အကြုံဟာ အစွမ်းထက်တဲ့၊ တော်တဲ့ဆရာ တစ်ယောက်ပဲ ဖြစ်ပါတယ်။

* ပတ်ဝန်းကျင်ကို သိရှိနားလည်ပြီး ရေရှည်တည်တံ့အောင် လက်တွေ့ကျင့်သုံးခြင်းဟာ နိုင်ငံသား၊ ကမ္ဘာသား တစ်ဦးရဲ့ မွေးရာပါ တာဝန်ဝတ္တရားဖြစ်တယ်ဆိုတာကို ကလေးတွေ နားလည်သဘောပေါက်စေဖို့ အထောက်အကူ ပြုပါတယ်။

*** သင်ယူဖွယ်ရာ ဝန်းကျင်ကောင်းဖြစ်အောင်ဘာတွေနဲ့ ပံ့ပိုး၊ လုပ်ဆောင်၊ ဖန်တီးနိုင်သလဲ။**

**- သဘာဝပစ္စည်းများ**

ပုံမှန်စာသင်ခန်းတစ်ခုမှာ ကလေးတွေ လက်တွေ့လုပ်ဆောင်ဖို့ (သို့) အတွေ့အကြုံကတစ်ဆင့်သင်ယူဖို့ ခက်ခဲတယ်ဆိုပေမဲ့ မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။ ကလေးတွေ ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ အသုံးပြုနိုင်၊ကစားနိုင်တဲ့ အရာဝတ္ထုပစ္စည်းတွေ (ဥပမာ ဘောလုံး၊ ခွက်၊ ဆေးရောင်စုံ၊ သဘာဝပစ္စည်းများဖြစ်တဲ့ ကျောက်တုံး၊ သစ်ရွက်၊ ရေ၊ သဲ၊ တုတ်ချောင်း၊ ကစားစရာရှုံ့တုံး၊ ပန်း၊ ခရုခွံ၊ ကျောက်စရစ်ခဲတုံး၊ ထည့်စရာခြင်းပလုံးစသည်) ဟိုရွှေ့ဒီပြောင်း လုပ်နိုင်သော၊ တပ်လိုက်၊ ဖြုတ်လိုက် လုပ်နိုင်တဲ့ ပစ္စည်းတွေကို ပံ့ပိုးပေးထားနိုင်ပါတယ်။ ဒီလိုပစ္စည်းတွေဟာ တစ်ခုတည်းလည်း အသုံးပြုလို့ရသလို အခြားပစ္စည်းတွေနဲ့လည်း ပေါင်းစပ်ပြီး အမျိုးမျိုးတီထွင်ဖန်တီး အသုံးပြုနိုင်တာကြောင့် ကလေးတွေရဲ့ သင်ယူမှုကို မြှင့်တင်ပေးပါတယ်။

**- တန်ဖိုးနည်း၊ စွန့်ပစ်ပစ္စည်းများ**

သင်ယူမှုဝန်းကျင်ဖန်တီးရာမှာ ငွေကုန်ကြေးကျများစေတဲ့ ပစ္စည်းတွေကိုချည်းသုံးဖို့ မလိုပါဘူး။ ပရိဘောဂ အဟောင်းတို့၊ စွန့်ပစ်ပစ္စည်းတို့ကို ရည်ရွယ်ချက်တစ်မျိုးမျိုးနဲ့ ပြန်အသုံးချခြင်းဟာ ပြုပြင်ပြီး

**သင်ယူမှုဝန်းကျင်ဖန်တီးရာမှာ ငွေကုန်ကြေး ကျများစေတဲ့ ပစ္စည်းတွေကိုချည်းသုံးဖို့ မလိုပါဘူး။ ပရိဘောဂအဟောင်းတို့၊ စွန့်ပစ်ပစ္စည်းတို့ကို ရည်ရွယ်ချက် တစ်မျိုးမျိုးနဲ့ ပြန်အသုံးချခြင်းဟာ ပြုပြင်ပြီး ရေရှည်သုံးစွဲနိုင်အောင် လုပ်ဆောင်တဲ့ အလေ့အကျင့်ကောင်းကို သိရှိနားလည်စေပါတယ်။**

ရေရှည်သုံးစွဲနိုင်အောင် လုပ်ဆောင်တဲ့ အလေ့အကျင့် ကောင်းကို သိရှိနားလည်စေပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားစေပြီး အကန့်အသတ်ရှိတဲ့ သဘာဝအရင်းအမြစ်တွေကို စဉ်းစားချင့်ချိန်သုံးစွဲစေတဲ့ အခွင့်အရေးကိုလည်း ပေးရာရောက်ပါတယ်။ သို့သော် ကလေးတွေအတွက် ဘေးအန္တရာယ်မဖြစ်ရလေအောင် စီစဉ်ဖန်တီးပေးဖို့ အလွန်အရေးကြီးပါတယ်။

**- သတိပြုစေလိုပါတယ်။**

* သင်ယူမှုဝန်းကျင်ဖန်တီးတာကို အိမ်အခန်းအလှဆင်တာမျိုး မဖြစ်ရလေအောင် သတိထားဖို့ လိုအပ်ပါတယ်။

*ကလေးပျော်တဲ့သင်ယူမှုနေရာ၊ ဝန်းကျင်ကို ဖန်တီးရာမှာ လူကြီးတွေဟာ ဟိုးအတိတ်ကာလက သူတို့သိခဲ့တဲ့ သင်ယူမှုပုံစံမျိုးထက် ၂၁ရာစု မျက်စိနဲ့ ကြည့်ပြီး ဆန်း

သစ်တဲ့ ပုံစံမျိုး ဖန်တီးပေးပါ။

* ကလေးတွေနဲ့ သဘာဝကို ဆက်စပ်ပေးဖို့၊ သဘာဝအလှအပကို နှစ်သက်ခံစားတတ်ဖို့ ပန်းခြံ၊ တိရစ္ဆာန်ရုံ စတဲ့နေရာတွေကို အခါအားလျော်စွာ လေ့လာရေးခရီးထွက်နိုင်ရင် ပိုကောင်းပါတယ်။

* အာဟာရဒါနအလှူရှင်တွေ၊ ဝေယျာဝစ္စ ကုသိုလ်ရှင်တွေ၊ အစားအစာပြင်ဆင်၊ ချက်ပြုတ် ကျွေးမွေးတဲ့ နေရာတွေဟာလည်း ကလေးတွေရဲ့ ကိုယ်စိတ်ကျန်းမာပျော်ရွှင်ဘေးကင်းစေဖို့ အလွန် အရေး ကြီးပါတယ်။

* Spend now, save later - ဆိုတဲ့စကား လို ကလေးတွေအတွက် ဓမ္မစကူးလ်ကျောင်းကို ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ရလို့ အခုအချိန်မှာ ငွေကုန်ကြေးကျများနိုင်ပါတယ်။ သို့သော် သူတို့လေး တွေရဲ့ ဘဝတစ်သက်တာ ကိုယ်စိတ်၊ ကျန်းမာပြီး သာယာဝပြောစေမှုအပေါ် ကြီးမားတဲ့ အကျိုးသက် ရောက်မှုဖြစ်နိုင်တာမို့ နောင်အနာဂတ်မှာ သူတို့ အတွက် အကုန်အကျတွေ သက်သာသွား ပါလိမ့်မယ်။

**နိဂုံးချုပ်ပါရစေ။**

တကယ်တော့ ကလေးတွေဟာ သူတို့ အတွက် အထူးရည်ရွယ်ပြီး စီစဉ်ဖန်တီးထားတဲ့ ပတ်ဝန်းကျင်၊ နေရာကောင်းတွေမှာ သင်ယူဖို့ တစ်နည်းအားဖြင့် တတိယဆရာကောင်းနဲ့သင်ယူဖို့ အခွင့်အရေး ရှိကြပါတယ်။ အရင်းအမြစ်တွေ၊ ပစ္စည်းပစ္စယတွေကို နည်းလမ်းတကျ၊ သဘာဝ ကျကျနဲ့ ဆီလျော်မှုရှိအောင် အသုံးပြုမယ်ဆိုရင် ကလေးတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ အပြင် လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်ကောင်း လည်း ဖြစ်နိုင်ပါတယ်။ ပြီးတော့ ထိရောက်ပြီး ရေရှည်တည်တံ့တဲ့ သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်ဖို့အတွက် ကလေးတွေရဲ့ မိသားစုတွေ၊ ဆရာတွေ၊ ပညာရေးပညာရှင်တွေ၊ တတ်သိနား လည်တဲ့ ပုဂ္ဂိုလ်တွေ၊ ဝန်ဆောင်မှုပေးသူတွေကို ဖိတ်ခေါ်၊ ဆွေးနွေးတိုင်ပင်သင့်ပါတယ်။ သူတို့ရဲ့ အထောက်အပံ့၊ အကြံဉာဏ်၊ ပူးပေါင်း လုပ် ဆောင်မှုတွေကို ရယူပြီး ကလေးတွေအတွက် သင်ယူမှု ဝန်းကျင်တွေကို ဖန်တီးကြဖို့ တိုက်တွန်း အပ်ပါတယ်။

**(ရင်းမြစ် - CORE Education Internet Website)**

ဇင်ဇင်ဝင်း (ဟုမ္မလင်း)

## အသင်းအဖွဲ့များ ပျက်စီးကြောင်းတရား ၃-ပါး

(၁) ဗဟုနေတ္တာရ - လမ်းပြနည်းညွှန် အမွန်ဦးစီး အကြီးအမှူးလုပ်လိုသူတို့ ပေါများခြင်း၊

(၂) သဗ္ဗ ပဏ္ဍိတမာနီ - အသင်းသူ အသင်းသားအားလုံး ကိုယ့်ကိုယ်ကိုပညာရှိဟုသာ ထင်မှတ်လျက် ဘဝင်မြင့်နေကြခြင်း၊

(၃) ဗဟု မဟိစ္ဆာ - ရာထူးမက်မောသူတွေ ပေါများနေခြင်း။

သုတေသန သရုပ်ပြ အဘိဓာန် စာမျက်နှာ - ၄၉။



သားသားမီးမီးများအတွက်

# မင်္ဂလာတရား သိမှတ်ဖွယ်ရာများ - အပိုင်း (၅)

ကေတုသာရ (ရွှေကောလင်း)

မင်္ဂလာပါသားသားမီးမီးတို့ရေ သားတို့သမီးတို့ ဗဟုသုတ တိုးပွားစေဖို့ မင်္ဂလာတရားတော်များကို ရေးသားတင်ပြခဲ့ရာ အပိုင်း(၅) တောင် ရောက်ခဲ့ပြီပေါ့ကွယ်၊ ဒီအပိုင်း(၅)မှာ မင်္ဂလသုတ်တော် ပဉ္စမဂါထာမှာပါတဲ့ လိုက်နာစရာများကို ဆက်လက်ပြီး မျှဝေပေးပါမယ်ကွယ်၊ အဲဒီလိုက်နာစရာမင်္ဂလာတရားများမှာ-

(၁) စွန့်ကြဲပေးကမ်းလှူဒါန်းပါ၊

(၂) ကောင်းမွန်မှန်ကန်တဲ့ တရားကိုကျင့်ပါ၊

(၃) ဆွေမျိုးများကို ချီးမြှင့်ထောက်ပံ့ပေးပါ၊

(၄) အပြစ်မရှိသော အလုပ်များကို လုပ်ကိုင်ပါ ဖြစ်ပါတယ်ကွယ်။

ဒီမင်္ဂလာတရားလေးပါးကတော့ လောကမှာ အစဉ်အမြဲလိုက်နာ ကျင့်သုံးရန် လမ်းညွှန်မှုပေးတဲ့ မင်္ဂလာတရားများ ဖြစ်ကြတာပေါ့ကွယ်။

သားတို့သမီးတို့ရေ– နံပါတ်(၁) မင်္ဂလာဖြစ်တဲ့ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကို လေ့လာကြည့်မယ်ဆိုရင် ဒါနဆိုတာ စွန့်ကြဲမှု လှူဒါန်းမှု ဖြစ်ပါတယ်။ ပေးလှူတဲ့နေရာမှာ အာမိသဒါန ဓမ္မဒါနရယ်လို့ နှစ်မျိုးရှိပါတယ်။ အာမိသဒါနဆိုတာကတော့ ပစ္စည်းအလှူဖြစ်ပါတယ်။ ဓမ္မဒါနဆိုတာကတော့ တရားအလှူဖြစ်ပါတယ်။ တရားဟောခြင်း တရားစာအုပ်များရေးသားခြင်း ဓမ္မစကူးလ်ဆိုင်ရာ စာအုပ်များလှူဒါန်းခြင်း စတာတွေဟာ တရားအလှူဖြစ်တာပေါ့ကွယ်။

သားတို့သမီးတို့သိပြီးသားဖြစ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစတဲ့ ပစ္စည်းလေးပါးကို လှူဒါန်းကြတာကတော့ အာမိသဒါနလို့ ခေါ်ပါတယ်။ ဒါနဆိုရင် ဘယ်ဒါနဖြစ်ဖြစ် အကျိုးပေးတာချည်းပါပဲ။ တိရစ္ဆာန်ကလေးတစ်ကောင်ကို ကျွေးမွေးစွန့်ကြဲတဲ့ ဒါနသည်ပင်လျှင် ဘဝများစွာ ကောင်းကျိုးချမ်းသာ ပေးနိုင်စွမ်းရှိကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ သီလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကို လှူဒါန်းမယ်ဆိုရင် ဘယ်လောက် အကျိုးကြီးမားများပြားမယ်ဆိုတာ ခန့်မှန်းကြည့်လို့ ရတာပေါ့ကွယ်။

ဒါနကို ပြုကြလို့ လူ့စည်းစိမ် နတ်စည်းစိမ်တွေ ရရှိသွားကြတဲ့ ဝတ္ထုအကြောင်းတွေကတော့ များပြားစွာ ရှိကြပြီး ဒါနရှိသူနဲ့ ဒါနမရှိသူနှစ်ဦးရဲ့ ဝတ္ထုအကြောင်းလေးကို သားတို့သမီးတို့ အတုယူမှတ်သားစေရန် ပြောပြချင်ပါသေးတယ် အားလုံးမှတ်သားကြရအောင်နော်–

ကဿပဘုရားရှင် လက်ထက်တော်အခါက မိတ်ဆွေရဟန်းနှစ်ပါးရှိခဲ့ကြတယ်၊ တစ်ပါးကဒါနကို ပြုပြီး ကျန်တစ်ပါးက ဒါနကို မပြုဘဲနေတယ်၊ သီလကိုတော့ နှစ်ပါးလုံးပြည့်စုံအောင် စောင့်ထိန်းမှုပြုခဲ့ကြတယ်၊ အဲဒီရဟန်းနှစ်ပါးဟာ ကဿပဘုရားရှင် လက်ထက်မှ ဂေါတမဘုရားရှင်လက်ထက်တိုင်အောင် ဘဝများစွာ ကျင်လည်ခဲ့ကြရာမှာ ဒါနကို ပြုခဲ့တဲ့ ရဟန်းက အမြဲတမ်း အထက်တန်းကျပြီး စည်းစိမ်ချမ်းသာ ပေါများလွန်းတာပေါ့ကွယ်–

ဂေါတမဘုရားရှင်လက်ထက်တော်မှာ ဒါနပြုတဲ့ရဟန်းက ကောသလမင်းကြီးရဲ့ နန်းတော်မှာ မင်းသားလာဖြစ်ပြီး ဒါနမပြုတဲ့ ရဟန်းက အထိန်းတော်ရဲ့သား ဖြစ်လာကြတယ်၊ မင်းသားက ထီးဖြူဆောင်းရပြီး ရွှေပုခက်နဲ့ အိပ်ရတယ်၊ အထိန်းတော်သားက ဘာထီးမှ မဆောင်းရဘဲ ရိုးရိုးပုခက်နဲ့သာ အိပ်ရပါတယ်၊ တစ်နေ့မှာ မင်းသားက အထိန်းတော်ရဲ့သားကို ဟေ့– သူငယ်ချင်း မင်းငါ့စကားနားမထောင်လို့ ကြည့်စမ်းပါ မင်းနဲ့ငါဘယ်လောက်ကွာသလဲ စသည်ဖြင့် ပြောတဲ့အခါ အထိန်းတော်ရဲ့သားက မလျှော့သေးဘဲ ပြန်ချေပတဲ့အနေနဲ့ ဘာကွာလို့လဲကွ အားလုံးဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာချည်းပါပဲ စသည်ဖြင့် ပြန်ပြောလိုက်တာပေါ့ကွယ်–

အဲဒီလို အပြန်အလှန်ပြောနေကြတဲ့ သူတို့စကားကို ကောသလမင်းကြီးရဲ့ သမီးတော် သုမနဒေဝီက ကြားသွားပြီး ဘုရားရှင်အား လျှောက်ထားတဲ့အခါ ဘုရားရှင်က ဒါနရှိသူဟာ ဒါနမရှိသူထက် အသက်ရှည် ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်းဆိုတဲ့ အကျိုးငါးပါးဖြင့် ဘဝသံသရာကျင်လည်သည့် အခါမှာလည်း သာလွန်မြင့်မြတ်ကြောင်းကို ဟောကြားတော်မူလိုက်ပါတယ်၊ မင်းသားနဲ့ အထိန်းတော်ရဲ့ သားတို့လည်း အရွယ်ရောက်တဲ့အခါ ရဟန်းပြုကြပြီး တရားအားထုတ်ကြသဖြင့် နောက်ဆုံးကျွတ်တမ်းဝင်ခဲ့ကြတယ်၊ ကဲ သားတို့

သမီးတို့လည်း ဒီလောက်ဆိုရင် ဒါနရဲ့ အကျိုးဆက်ကို သိလောက်ပါပြီကွယ်။

သားတို့ သမီးတို့ရေ မင်္ဂလသုတ်တော် ပဉ္စမဂါထာပါ ဒုတိယမင်္ဂလာဖြစ်တဲ့ ကောင်းမွန်မှန်ကန်တဲ့ တရားကို ကျင့်ပါဆိုတာကို ဆက်လက်မှတ်သားကြရအောင်နော်- ပါဠိစကားမှာတော့ သုစရိတ-သုစရိုက် လို့ခေါ်ဝေါ်ခြင်း ဖြစ်တာပေါ့ကွယ်၊ တစ်နည်းဆိုရသော် ဒုစရိုက်ဆယ်ပါးကို ရှောင်ကြည်တာဟာ သုစရိုက်ဆယ်ပါးဖြစ်ပါတယ်။ တစ်ဖန် လူ့ပြည်၊ နတ်ပြည်ကောင်းမြတ်တဲ့ ဘဝသို့ ရောက်ကြောင်းဖြစ်သော ကုသိုလ်ကံများဖြစ်သောကြောင့် ကုသလကမ္မပထတရားလို့လည်း ခေါ်သေးတာပေါ့ကွယ်။

သုစရိုက်ဆယ်ပါးဆိုတာကတော့-

(၁) သူ့အသက်သတ်မှု ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးမှုမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း-ဆိုတဲ့ ကာယသုစရိုက် (၃) ပါး။

(၂) မဟုတ်မမှန် လိမ်လည်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ယုတ်မာ ကြမ်းတမ်းဆဲဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း-ဆိုတဲ့ ဝစီသုစရိုက် (၄)ပါး။

(၃) သူတစ်ပါးပစ္စည်းကို "ငါ့ဟာဖြစ်လျှင် ကောင်းလေစွ"-ဟု မတရားကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ "သူတစ်ပါးပျက်စီးသွားလျှင် ကောင်းလေစွ"-ဟု ပြစ်မှားမှုမှ ရှောင်ကြဉ်ခြင်း၊ ကံ ကံ၏အကျိုးတရားမရှိဟု အယူမှားမှုမှ ရှောင်ကြဉ်ခြင်း-ဆိုတဲ့ မနောသုစရိုက်(၃)ပါး ပေါင်း (၁၀) ပါး ဖြစ်ပါတယ်ကွယ်။

သားတို့သမီးတို့ရေ သုစရိုက်(၁၀)ပါးစတဲ့ ကောင်းမှုကုသိုလ်တရားတွေကို လိုက်နာကျင့်ကြံအားထုတ်တဲ့နေရာမှာ နည်းယူမှတ်သားဖွယ်ကောင်းတဲ့ ဓမ္မပါလဇာတ်တော်ကို အကျဉ်းမျှပြောပြဦးမယ်နော်- ရှေးတုန်းက ဘုရားအလောင်းတော်ဟာ ကာသိတိုင်း ဓမ္မပါလရွာမှာ ဓမ္မပါလ သတို့သားရယ်လို့ဖြစ်ခဲ့ရပါတယ်၊ သူဟာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ အတတ်ပညာများကို သင်ကြားလျက်ရှိစဉ်မှာ ဆရာကြီးရဲ့ သားကြီးတစ်ယောက် သေဆုံးသွားခဲ့ပါတယ်။ သုသာန်သို့လိုက်ပို့ကြတဲ့အခါ ဘုရားအလောင်းဓမ္မပါလမှ လွဲပြီး အားလုံး ငိုယိုခဲ့ကြပါတယ်။ အဲဒီအခါ ဆရာကြီးက ဓမ္မပါလကို ဘာလို့ မငိုတာလဲလို့မေးတော့ သူတို့အမျိုးမှာ ငယ်ရွယ်သူများ မသေကြလို့ မငိုခြင်းဖြစ်ပါတယ်လို့ ပြန်ပြောပါတယ်။ ဒီစကားကို ဆရာကြီးက မယုံကြည်ဘဲ စုံစမ်းလိုတဲ့ သဘောနဲ့ ဓမ္မပါလရဲ့ မိဘများထံသွားပြီး အရိုးတို့ကို ပြကာ သင်တို့ရဲ့သား ဓမ္မပါလသေပြီလို့ ပြောဆိုလိုက်ပါတယ်ကွယ်။

အဲဒီအခါ ဓမ္မပါလရဲ့ မိဘများက အကျွန်ုပ်တို့ သားသေပြီဆိုတာမဟုတ်နိုင်ပါဘူး။ ကျွန်ုပ်တို့အမျိုးမှာ ငယ်ရွယ်သူများ သေလေ့မရှိကြပါဘူးလို့ ပြန်ပြောကြပါတယ်။ အဘယ့်ကြောင့် ငယ်ရွယ်သူများ မသေကြပါသလဲလို့ ဆရာကြီးက မေးမြန်းတဲ့အခါ ဓမ္မပါလရဲ့ မိဘများက ပြောကြားတာကတော့- ဆရာကြီး ကျွန်ုပ်တို့ဟာ သုစရိုက်ဆယ်ပါး မြတ်တရားကို ကျင့်ကြံအားထုတ်ကြပါတယ်၊ စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူဒါန်းကြပါတယ်၊ သီလ, သမာဓိ, ပညာ ပြည့်စုံအောင် ဆောင်ရွက်ကြပါတယ်၊ ကုသိုလ်ဆယ်ပါးကို အားထုတ်ကြပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့အမျိုးမှာ ငယ်ရွယ်သူများ မသေကြပါ-ဟု စသည်ဖြင့် ပြောကြားလိုက်တာပေါ့ကွယ်။

အဲဒီအခါ ဒိသာပါမောက္ခဆရာကြီးက အကျွန်ုပ်လာခြင်းဟာ များစွာ အကျိုးရှိပါပေတယ်။ သင်တို့သား ဓမ္မပါလဟာ ကျန်းမာချမ်းသာစွာရှိပါတယ်၊ ကျွန်ုပ်ဟာ သင်တို့ကို စုံစမ်းလို၍သာ လာရောက်ခြင်းဖြစ်ပါတယ်။ သင်တို့စောင့်သော တရားများကို ကျွန်ုပ်အားလည်း ပေးကြပါဆိုပြီး ပေရွက်မှာရေး၍ ယူဆောင်သွားခဲ့ပါတယ်။ ပညာသင်ကြားပြီးဖြစ်တဲ့ ဓမ္မပါလသတို့သားကိုလည်း အခြံအရံများနဲ့ ပို့အပ်လိုက်တာပေါ့ကွယ်။

ဒီဝတ္ထုလေးကို နားထောင်နေတဲ့ သားတို့သမီးတို့မှာလည်း တစ်ခုခုတော့ စဉ်းစားနေမိကြမှာပါ။ ဘာလို့လဲဆိုတော့ သားတို့သမီးတို့ ဓမ္မစကူးလ်သွားကြရင် ဘုန်းဘုန်းတွေထံမှာ သီလခံယူကြရတယ်လေ။ အဲဒီသီလတွေ အခုပြောပြခဲ့တဲ့ သုစရိုက်တရားဆယ်ပါးထဲမှာ ပါဝင်နေပြီးသား ဖြစ်နေလို့ပေါ့ကွယ်။ စက္ကန့်မိနစ် အချိန်လေးမှာပင် ထိုသီလတရားကို စိတ်ထားဖြူစင်စွာနှင့် ဆောက်တည်စောင့်ထိန်းကြမယ်ဆိုရင် အထက်ပါဖော်ပြခဲ့တဲ့ အကျိုးကျေးဇူးတွေ များစွာ ရရှိခံစားကြရမှာပေါ့ကွယ်။ ဒါကြောင့် လိုက်နာကျင့်သုံးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ကွယ်။

သားတို့ သမီးတို့ရေ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ်တော်ထဲက ပဉ္စမဂါထာရဲ့ တတိယမြောက် မင်္ဂလာဖြစ်တဲ့ ဆွေမျိုးများကို ချီးမြှင့်ထောက်ပံ့ပေးပါ မင်္ဂလာအကြောင်းကို ဆက်လက်မှတ်သားကြရအောင်နော်- သားတို့သမီးတို့ရဲ့ မျိုးနွယ်စဉ်ဆက် ပေါက်ဖွားလာခဲ့ကြတဲ့ ဆွေမျိုးများအား တတ်စွမ်းသမျှ ထောက်ပံ့ကူညီခြင်းဟာလည်း ကောင်းမြတ်တဲ့ မင်္ဂလာတရား ဖြစ်ပါတယ်ကွယ်။

ပြီးတော့ သားတို့သမီးတို့ရဲ့ မျိုးနွယ်သစ် အဆက်ဆက်မျက်နှာမငယ်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း ဘေးအန္တရာယ်ကျရောက်မည်ဆိုလျှင် ဝိုင်းဝန်းကူညီပေးခြင်း၊ ချို့တဲ့သွားလျှင် ဝိုင်းဝန်းထူထောင်ပေးကြခြင်းများဟာလည်းကောင်း မြတ်တဲ့အစဉ်အလာတစ်ရပ်ဖြစ်တာပေါ့ကွယ်။

ဒါနဲ့ဆက်စပ်ပြီး သားတို့သမီးတို့ မှတ်သားမိစေရန် ဘုရားအလောင်း ကျီးမင်းအကြောင်းကို ပြောပြပေးချင်ပါတယ်ကွယ်- ဘုရားအလောင်း ကျီးမင်းဖြစ်ခဲ့စဉ်က ကျီးတစ်ကောင်ဟာ မင်းဆရာ ပုရောဟိတ်ခေါင်းပေါ်ကို မစင်ပါချတဲ့အတွက် ပုရောဟိတ်က ရန်ငြိုးဖွဲ့ခဲ့ပါတယ်။ တစ်နေ့မှာ ဆင်တင်းကုပ်မီးလောင်သဖြင့် ဆင်များအနာတရဖြစ်တဲ့အခါ မင်းဆရာက ကျီးတို့ရဲ့ အဆီနဲ့ လိမ်းပြီး ကုမှသာလျှင် ပျောက်မယ်လို့ လျှောက်ထားလိုက်ပါတယ်။ ဒီအခါ ဘုရင်က ကျီးများကို ဖမ်းပြီး သတ်ကာ အဆီကို ရှာစေပါတယ်။ ဒါပေမဲ့ အဆီကို မတွေ့ရပါဘူး။ အဆီ မတွေ့တိုင်း ကျီးများကို ဖမ်းပြီး သတ်ကြတဲ့အတွက် ကျီးများမှာ ကြီးစွာသော ဘေးအန္တရာယ် ဆိုက်ရောက်လာပါတော့တယ်ကွယ်။

သားတို့သမီးတို့ရေ အဲဒီအခါ ဘုရားလောင်း ကျီးမင်းဟာ ငါမှ တစ်ပါး အမျိုးများ၏ ဘေးရန်ကို ကာကွယ်နိုင်သူမရှိပြီ-ဟု သိရှိပြီး ပြတင်းပေါက်မှ ဝင်၍ မင်း၏ ရှေ့တော်၌ ပျံဝဲကာ အရှင်မင်းကြီး မင်းတို့မည်သည် စူးစမ်းဆင်ခြင်ပြီးမှသာ ပြုရာ၏။ မစူးစမ်းမဆင်ခြင်ဘဲပြုမိသော် ကြီးစွာသော ဘေးရန်များ ဖြစ်တတ်ပါ၏။ ပုဏ္ဏားကရန်ငြိုးထားကာ မဟုတ်မမှန်သော စကားကို ဆိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျီးမျိုးများမှာ အမြဲထိတ်လန့်သော နှလုံးရှိ

ပါကုန်၏။ လူများကို မညှဉ်းဆဲတတ်ပါ။ ကျွန်ုပ်တို့ ကျီးမျိုးမှာ ဘယ်သောအခါမှ အဆီမရှိပါ- စသည်ဖြင့် တရားဟောကြားလေရာ ဘုရင်ကြီး ငါးပါးသီလတည်ပြီး သတ္တဝါအားလုံးကို ဘေးမဲ့ပေးလိုက်လေတော့သည်။ ကဲ သားတို့သမီးတို့လည်း မျိုးချစ်စိတ်တွေ မွေးကြရမယ်နော်။

သားတို့သမီးတို့ရေ မင်္ဂလသုတ်(၅) ဂါထာရဲ့ နောက်ဆုံးမင်္ဂလာအကြောင်းဖြစ်ပါတယ်ကွယ် ဒီမင်္ဂလာရဲ့ အကျိုးတရားများကိုလည်း ဆက်လက် လေ့လာမှတ်သားကြရမှာပေါ့ကွယ် - အပြစ်ကင်းတဲ့ လုပ်ငန်းများကို ကျေပွန်အောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုတဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါတယ်။

အပြစ်ကင်းတဲ့ အများကောင်းကျိုးအလုပ်များကို ကြိုးစားအားထုတ်ဆောင်ရွက်ခြင်းဟာလည်း ကောင်းမြတ်တဲ့ မင်္ဂလာတရားဖြစ်ပါတယ်။ ရေတွင်း, ရေကန်တူးဖော်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ လမ်းတံတားပြုပြင်ခြင်း အစရှိတဲ့ အမှုကိစ္စများဟာ အများကောင်းကျိုးအတွက် ရေးရှုဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် အပြစ် မရှိပါဘူး။ အဲဒီလို အပြစ်မရှိတဲ့ အများကောင်းကျိုးလုပ်ငန်းများကို စေတနာသဒ္ဓါတရားမှန်မှန်ဖြင့် ဆောင်ရွက်ကြမယ်ဆိုလျှင် လူနတ် ချစ်ခင်ခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်း၊ ကျက်သရေမင်္ဂလာတိုးပွားခြင်း၊ သူတစ်ပါးက မကောင်းကြံသော်လည်း မအောင်မြင်စေနိုင်ခြင်း၊ မိမိတို့ ပြုခဲ့သောအမှုကို ပြန်၍ အောက်မေ့တိုင်း ဝမ်းသာပီတိဖြစ်ရခြင်း-စတဲ့ အကျိုးကျေးဇူးများကို လက်ငင်းချက်ချင်း ရရှိစေနိုင်တာပေါ့ကွယ်။

သားတို့ သမီးတို့ ဓမ္မစကူးလ်သွားတဲ့အခါဖြစ်ဖြစ် စာသင်ကျောင်းသွားတဲ့အခါဖြစ်ဖြစ် ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ တရားထိုင်ခြင်း၊ ဘုန်းဘုန်း ဆရာလေး ဆရာဆရာမများကို ဝိုင်းကူလုပ်ပေးတဲ့ စတာတွေလည်း အပြစ်ကင်းပြီး ကုသိုလ်တွေ မြောက်မြားစွာ ရနေကြတာပါပဲကွယ်။

**ဆရာကြီး ကျွန်ုပ်တို့ဟာ သုစရိုက်ဆယ်ပါးမြတ်တရားကို ကျင့်ကြံအားထုတ်ကြပါတယ်၊ စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူဒါန်းကြပါတယ်၊ သီလ, သမာဓိ, ပညာ ပြည့်စုံအောင်ဆောင်ရွက်ကြပါတယ်၊ ကုသိုလ်ဆယ်ပါးကို အားထုတ်ကြပါတယ်၊ ဒါကြောင့် ကျွန်ုပ်တို့အမျိုးမှာ ငယ်ရွယ်သူများ မသေကြပါ။**

အပြစ်ကင်းပြီး စုပေါင်းဆောင်ရွက်လုပ်ကိုင်နေကြတဲ့ မဃလုလင်ဦးဆောင်တဲ့ လူငယ် ပရဟိတအဖွဲ့အကြောင်းကို မှတ်သားကြရအောင်နော် - ရှေးတုန်းက မဂဓတိုင်း မစလရွာမှာ မဃအမည်ရှိတဲ့ လုလင်နဲ့သူ့ရဲ့ အပေါင်းအသင်း သုံးဆယ့်သုံးယောက်တို့ ရှိခဲ့ကြပါတယ်၊ သူတို့ဟာ တံမြက်လှည်းခြင်း ရေအိုးစင်တည် ဇရပ်ဆောက်ခြင်း အလှူပေးခြင်း ဥပုသ်သီလစောင့်သုံးခြင်း - စတဲ့ အများကောင်းကျိုး လုပ်ငန်းများကို မေတ္တာစေတနာ အလေးထားပြီး ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ရွာသူရွာသားတွေဟာလည်း မဃရဲ့ အဆုံးအမဖြင့် တည်ကာ ဥပုသ်သီလစောင့်ထိန်းလာခဲ့ကြပါတယ်။

သားတို့ သမီးတို့ရေ မဃနှင့် အပေါင်းပါတို့ဟာ လူစုပြီး ဖျက်ဆီးနေကြပါတယ်လို့

ရွာသူကြီးက ဘုရင်ကြီးထံ လျှောက်ထားပါတယ်။ ဘုရင်ကလည်း မစုံစမ်းမဆင်ခြင်ဘဲ မဃတို့အား ဖမ်းဆီးပြီး ဆင်နဲ့ နင်းသတ်စေလို့ အမိန့်ပေး ခဲ့ပါတယ်။

မဃနဲ့ သုံးဆယ့်သုံးယောက်တို့ကို ဖမ်းဆီး ကြိုးနဲ့ တုပ်ပြီး ဆင်နဲ့ နင်းသတ်ဖို့ လုပ်တဲ့အခါ မဃက "အို…သူငယ်ချင်းတို့ ရွာသူကြီး၊ ဘုရင်နဲ့ ဆင်တို့အပေါ် မေတ္တာပွားကြလို့" ပြောကြားခဲ့ပါ တယ်။ သူတို့အားလုံးက အညီအမျှမေတ္တာပွားကြတဲ့ အခါ ဆင်ဟာ မနင်းဝံ့တော့ဘဲ အဝေးကို ထွက်ပြေး သွားခဲ့ကြပါတယ်၊ ဒီအခါ ဘုရင်က "သူတို့မှာ လက်ဖွဲ့ဆေးဝါးတစ်စုံတရာရှိလို့သာ ဆင် မနင်းဝံ့တာ ဘဲ ရှာကြစမ်း" ဆိုပြီး ရှာဖွေစေသော် လည်း ဘာလက်ဖွဲ့ဆေးဝါးမှ မတွေ့ကြတဲ့အခါ သင်တို့မှာ မန္တာန်များ ရှိပါသလားလို့ မေးမြန်းပြန်ပါတယ်။ မဃတို့က မန္တာန်ရှိပါတယ်လို့ ဆိုကြပါတယ်။

သားတို့ သမီးတို့ရေ ဘုရင်ကြီးက မန္တာန် ကို ရွတ်ဆိုပြဘို့ စေခိုင်းတဲ့အခါ မဃက အရှင်မင်း ကြီး ကျွန်ုပ်တို့ဟာ သူ့အသက်ကို မသတ်ကြပါ။ သူ့ဥစ္စာကို မခိုးကြပါ။ သူ့သားမယားကို မပြစ်မှား ကြပါ။ မုသားစကားမပြောကြားကြပါ။ သေရည် သေရက် မသောက်သုံးကြပါ။ မေတ္တာပွားကြပါ တယ်။ အလှူပေးကြပါတယ်။ လမ်းတံတား တည် ဆောက်ပြုပြင်ကြပါတယ်။ ရေတွင်းရေကန်တူးဖော် ကြပါတယ်။ ခရီးသွားများ နားနေရန် ဇရပ်များ ဆောက်လုပ်ကြပါတယ်။ စသည်ဖြင့် ဤအကျင့် တရားတို့သည် ကျွန်ုပ်တို့ရဲ့ အဆောင်မန္တာန်များ ဖြစ်ပါတယ်လို့ လျှောက်ထားလိုက်ပါတယ်။

သားတို့ သမီးတို့ရေ မဃရဲ့ စကားကို ကြား ရတဲ့အခါ ဘုရင်ကြီးဟာ လွန်စွာ ကြည်ညိုပြီး ရွာသူ ကြီးကို သူတို့ရဲ့ အလုပ်အကျွေးအဖြစ် ပေးအပ်လိုက် ပါတယ်၊ ဆင်ကိုလည်း သူတို့ကောင်းမှုပြုရာမှာ ကူညီစေဖို့ ပေးသနားလိုက်ပါတယ်။ မဃတို့အဖွဲ့ ဟာ အသက်ထက်ဆုံး အပြစ်မဲ့တဲ့ အများကောင်း ကျိုးကို အားထုတ်ဆောင်ရွက်ခဲ့ကြပြီး သေလွန်တဲ့ အခါ မဃက သိကြားမင်းကြီး ဖြစ်ပြီး အခြား သုံးဆယ့်သုံးယောက်တို့က နတ်မင်းကြီးများ ဖြစ်ခဲ့ ကြပါတယ်ကွယ်။

သားတို့ သမီးတို့တွေလည်း မဃနဲ့ သူငယ် ချင်းများကို အားကျအတုယူပြီး ကိုယ်စွမ်းနိုင်တဲ့ ဘက်က အများကောင်းကျိုးကို ဆောင်ရွက်နိုင် ရမယ်၊ ထိုကဲ့သို့ ဆောင်ရွက်လုပ်ကိုင်ကြမယ်ဆို လျှင် မျက်နှာပန်းလှလှ အထက်တန်းသို့ တက်လှမ်း နိုင်ကြပါလိမ့်မယ်၊ ကြိုးစားနိုင်ကြပါစေကွယ်။

ကေတုသာရ (ရွှေကောလင်း)

**အဓိဋ္ဌာန်**

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးကြောင့်
အသက်ပေး၍ ဖြည့်ခဲ့သည်၊
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့
ငါပါ အသက်ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်။

တောင်မြို့မဟာဂန္ဓာရုံဆရာတော်



# ညစ်ကြေးမတင် မေးမြန်းလျှင်

မောင်ထွန်း (ဓမ္မစကူးလ်)

မနေ့က ဆွေးနွေးပွဲမှာ မေးခွန်းအချို့ လက်ခံရရှိခဲ့ပါတယ်။ ဒီလိုမေးခွန်းလေးတွေ မိမိထံ တစ်ခါတစ်ရံ ရောက်လာလေ့ရှိပါတယ်။ မိမိစိတ်ထဲမှာလည်း မကြာမကြာ မေးခွန်းလေးတွေ ပေါ်လာလေ့ရှိပါတယ်။ မေးခွန်း အမေးခံရတဲ့အခါ ကိုယ်တိုင်မေးခွင့်ရတဲ့အခါများမှာ မေးခွန်းနဲ့ပတ်သက်တဲ့ အချက်ကလေးတွေကလည်း အစီအရီ ပေါ်လာတတ်ပြန်ပါတယ်။

မကြာသေးမီက ကျင်းပခဲ့တဲ့ တောင်ငူမြို့ အ. ထ. က (၂) ဓမ္မစကူးလ် ဖွင့်ပွဲမှာ တောင်ငူမြို့နယ် ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ မရမ်းကျောင်းဆရာတော်ဘုရားကြီးက "မသိတာကို မေးမြန်းတာ ဘုရားလောင်းသူတော်ကောင်းတွေရဲ့ အလုပ်။ ကိုယ်မသိတာကို မေးရမြန်းရမှာ ရှက်စရာကြောက်စရာ မဟုတ်ပါဘူး။ မေးမြန်းတဲ့အလုပ်ကိုက သူတော်ကောင်းတွေရဲ့ အလုပ်ပါ။ ကလေးများဟာလည်း ကိုယ်မသိတာ နားမလည်တာ မရှင်းတာတွေကို ဆရာသမားတွေထံမှာ မေးပါမြန်း

ပါ။ အဲဒီလိုမေးမြန်းတဲ့သဘာဝကိုက ဘုရားအလောင်းတော်ရဲ့ အလုပ် သူတော်ကောင်းတွေရဲ့ အလုပ်။ အဲဒီသူတော်ကောင်းတွေရဲ့ အလုပ်ကို သက်သေပြတဲ့အနေနဲ့ မြတ်စွာဘုရားဟာ ဘယ်သူနဲ့မှ မတူတဲ့ အသားအရေကို ရရှိပါတယ်။ ဒါကြောင့် ပညာသင်ပေးတဲ့ပုဂ္ဂိုလ်များကလည်း ငါတို့သိတာတွေကို သင်ပေးတာဟာ သူတော်ကောင်းတွေရဲ့ အလုပ် ဘုရားအလောင်းတော်တွေရဲ့ အလုပ်ပဲလို့ ကျေနပ်ရမှာဖြစ်သလို သင်ယူနေတဲ့ ကလေးငယ်တွေကလည်းပဲ လေးလေးစားစား သင်ယူ၊ နားမလည်တာတွေကို မေးမြန်း အဲဒီလိုမေးမြန်းတာကိုက ဘုရားအလောင်းတော်တွေရဲ့ အလုပ်လို့ နှလုံးသွင်းကြဖို့” မိန့်ကြားခဲ့တာ မှတ်သားလိုက်နာဖွယ်ကောင်းလှပါတယ်။

ဆရာတော်ဘုရားကြီး မိန့်ကြားရာမှာ မေးမြန်းတဲ့အတွက် ဘယ်သူနဲ့မှမတူတဲ့ အသားအရေ ရရှိကြောင်းကို “ပညာလို၍ မေးမြန်းလေ့ကြောင့် သိမ်မွေ့ကိုယ်ရေ ဉာဏ်မိုးစွေ၏” ဆိုတဲ့လင်္ကာလေးနဲ့ မြတ်စွာဘုရားရှင်ရဲ့ “သုခုမစ္ဆဝိတာ” လက္ခဏာကို ဖော်ညွှန်းပြခဲ့ပါတယ်။ မေးမြန်းတာနဲ့ အသားအရေ ချောမွေ့တာ မဆက်စပ်မိသလိုပါပဲ။ ဒီအကြောင်းအရာ ကို ပါချုပ်ဆရာတော်ကြီး ရှင်းထားတာရှိပါတယ်။ “ကိုယ့်ရဲ့စိတ်နှလုံးထဲမှာ မသိလို့ တင်ကျန်နေတာတွေက အများကြီးရှိတာပဲ။ ဟိုဟာလေးတွေးလိုက်လည်း မသိဘူး။ ဒီဟာလေးတွေးလိုက်လည်း မသိဘူးဆိုတော့ ချေး(ဂျီး)တွေ စွဲသလို ဖြစ်နေတာပေါ့။ မေးမြန်းတဲ့ပုဂ္ဂိုလ်ကျတော့ နှလုံးသားက အင်မတန်မှ သန့်ရှင်းသွားတယ်။ ကုသိုလ်ကိုလည်း ရှင်းရှင်းပြတ်ပြတ် မြင်တယ်။ အကုသိုလ်ဆိုတာလည်း ရှင်းရှင်း ပြတ်ပြတ် မြင်တယ်။ အပြစ်ရှိတဲ့တရား အပြစ်မဲ့တဲ့ တရားဆိုတာကိုလည်း ရှင်းရှင်းပြတ်ပြတ်သိတယ်။ ချောမွေ့ပြီးတော့ အစစအရာရာ စဉ်းစားလိုက်တိုင်း ခေါင်းထဲမှာ အထစ်အဖု အသိဉာဏ်ထဲမှာ အထစ်အဖုမရှိဘဲနဲ့ အကုန်ချောညက်သွားတယ်။ အဲဒီချောညက်တာဟာ မေးခွန်းတွေမေးပြီးတော့ ပညာဆည်းပူးခဲ့တဲ့ ကုသိုလ်တဲ့။” ဒါကြောင့်လည်း ဘုရားရှင်ရဲ့ အရေပြားဟာ ချောညက်သန့်ရှင်း ချေး(ဂျီး) မစွဲနိုင်တဲ့ အနေအထားလို့ ဆိုပါတယ်။

မဟာဗုဒ္ဓဝင်ကြီးမှာတော့ “ရဟန်း၊ ပုဏ္ဏား၊ သူမြတ်များသို့၊ ခစားဆည်းကပ်၊ သို့ပြုအပ်မည်၊ မအပ်မည်ကို၊ စိတ်ကြည်ညွှတ်နူး၊ မေးခဲ့ဖူး၍၊ နူးညံ့အရေ၊ ပိန်းကြာရွှေတွင်၊ ရေမတင်သို့၊ မြူလျှင်ကင်းဝေး၊ ညစ်ကြေးမလိမ်း၊ ခပ်သိမ်းသတ္တဝါ၊ လောကဓာဝယ်၊ ပညာသာသူ၊ တုသူကင်းပြီး၊ ပညာရှိကြီးတစ်ဆူ၊ ဖြစ်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား” ဆိုတဲ့လင်္ကာကို ကြည်ညိုရပါတယ်။ အခြားလင်္ကာ တစ်ပုဒ်မှာတော့ “ပညာလိုချင် လွန်ခံမင်၍ ကြားမြင်များလတ် ပုဂ္ဂိုလ်မြတ်ထံ ချဉ်းကပ်ဆုံတွေ့ မေးမြန်းလေ့ကြောင့် သိမ်မွေ့နူးညံ့ ကိုယ်ရေသန့်၍ အံ့မခန်းဖွယ် ဉာဏ်ကြီးကျယ်၏” လို့ဆိုထားတာ တွေ့ရပါတယ်။ တစ်နည်းမှတ်ဖွယ်ပါပဲ။

တရားနာတာ မေးမြန်းဆွေးနွေးတာတွေကို ‘မဟာပညာ သံဝတ္တနိက ပဋိပဒါ’ ကုသိုလ်လို့ ခေါ်ပါတယ်။ ဖြစ်လေရာ ဘဝမှာ အသိပညာကြီးပွားတိုးတက်စေပါတယ်။ ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်မှာ “ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ ပရိပုစ္ဆိတာ ဟောတိ - ကိံ ဘန္တေ ကုသလံ ကိံ အကုသလံ” အစရှိသည်ဖြင့် ဘုရားမြတ်စွာ မိန့်မှာတော်မူခဲ့ပါတယ်။ (မြန်မာပြန် စာ-၂၄၆ ရှု)။ ဒီတရားတော်မှာ မဟာဂန္ဓာရုံ

ဆရာတော်ဘုရားကြီးက “သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအ ပညာဆို။ ကြားမြင်များအောင်၊ မေးလေ့ ဆောင်၊ ခနောင်တတ်သိလို” ဆိုပြီး မှတ်လွယ်အောင် စပ်ဆိုခဲ့သလို ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးက “မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်”လို့ လိုရင်းတိုရှင်း စပ်ဆိုတော်မူ ခဲ့ပါတယ်။

**မေးခွန်းမေးတာ ဉာဏ်ကြီးစေပါတယ်။ မေးခွန်းမေးရာမှာတော့ -**

အဒိဋ္ဌဇောတနာ ပုစ္ဆာ = မသိတာကို သိချင်လို့မေးတာ။

ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာ = မိမိသိပြီးတဲ့ အယူအဆနဲ့ နှီးနှောချင်လို့ မေးတာ။

ဝိမတိစ္ဆေဒနာ ပုစ္ဆာ = သံသယရှိတာကို ရှင်းရှင်းလင်းလင်း သိချင်လို့မေးတာ။

အနုမတိပုစ္ဆာ = မိမိနဲ့သဘောတူဖို့ ညှိနှိုင်းချင်လို့မေးတာ။


ကထေတုကမျတာ ပုစ္ဆာ = မိမိကိုယ်တိုင် ဖြေကြားပေးချင်တဲ့အတွက် မေးတာ-လို့ စာပေမှာ ငါးမျိုးပြဆိုထားပါတယ်။ ပါချုပ်ဆရာတော်ဘုရားကြီးကတော့ ‘ကိုယ်သိချင်လို့မေးတဲ့ မေးခွန်းမျိုးက ပညာဉာဏ်ကြီးမားစေတတ်တဲ့ ကုသိုလ်တစ်မျိုးပဲ’ လို့မိန့်ကြားတော်မူပါတယ်။

တကယ်တော့ မေးခွန်းမေးရတာ နှစ်သက်စရာကောင်းသလို မေးခွန်းတွေ ဖြေပေးရတာလည်း ပျော်မွေ့ဖွယ် ကောင်းလှပါတယ်။ ကျွန်တော်တို့ လုပ်ငန်းတွေလုပ်ကိုင်ဆောင်ရွက်ရင်း လေ့လာသင်ယူရတဲ့အခါ လေ့လာလေလေ သိချင်စရာတွေများလေလေ မေးစရာတွေတိုးလာလေလေပါပဲ။ မေးစရာတွေများတော့ တေးမှတ်ထားပြီး အခါအခွင့်သင့်သလို မေးရပါတယ်။ များသောအားဖြင့်တော့ ကျွန်တော်တို့ကို သွန်သင်ညွှန်ပြပေးတဲ့ ပညာရှင်ဆရာကြီး ဆရာမကြီးများထံ မေးမြန်းလေ့ရှိပါတယ်။ ပညာရှင်များကတော့ စည်ကြီးသဖွယ်ပါပဲ။ ပညာရပ်နဲ့ ပတ်သက်တာတွေ မေးတဲ့အခါမှာ စိတ်လို လက်ရ ဖြေပေးကြပါတယ်။ မေးလိုက်ပြီဆိုတာနဲ့ မရှင်းလင်းတဲ့အချက်တွေ လုပ်ငန်းစဉ်တွေ သိခွင့်ရပါတယ်။ ရှင်းလင်းသွားပါတယ်။ ကိုယ်တိုင် အဟုတ်ထင်ပေမယ့် လွဲချော်နေခဲ့တာတွေလည်း ပြုပြင်ခွင့်ရပါတယ်။

ကိုယ်ကမေးမြန်းလိုက်တဲ့အတွက် သိသွားပါတယ်။ သိတော့ သူတစ်ပါးကို မျှဝေလို့ရပါတယ်။ မျှဝေတဲ့အခါကျတော့ ရရှိသွားသူတွေမှာ ထပ်သိချင်စိတ်တွေ ဖြစ်လာပါတယ်။ ဒီအခါ သူတို့က ထပ်မေးကြပါတယ်။ ကိုယ်ကလည်းကိုယ် မဖြေနိုင်ရင် တတ်သိသူတွေထံ ပြန်မေးရပါတယ်။ မေးမြန်းတတ်တဲ့ ဆရာဆရာမတွေကသာ မေးတတ် မြန်းတတ်တဲ့ ကလေးတွေကို ပျိုးထောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ဆရာကြီးဦးဝင်းအောင်ကတော့ ကလေးတွေ ကိုယ်တိုင်မေးမြန်းတတ်လာတဲ့အထိ ပံ့ပိုးပေးရမယ်လို့ ဆိုပါတယ်။ ဒါဟာ မြတ်စွာဘုရား အလိုတော်ကျပါပဲ။

မောင်ထွန်း (ဓမ္မစကူးလ်)



# နေခြည်ဖြာမှ နွေးသော်ကြောင့်

မောင်မောင်တင်

ကျွန်တော်တို့ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းမှာ တစ်နေရာမှာတည်း တစ်ကျောင်းတည်းသာ တွဲလျက်ရှိပြီး စာသင်ကြားပေးကြပါသည်။ စာသင်ဆောင်သီးသန့် မလိုဘဲ ဓမ္မာရုံ၊ ဥပုသ်သည်များ နားခိုရာဇရပ်၊ ပင်မကျောင်းဆောင်ကြီးအောက်ထပ် စသည်ဖြင့် အဆင်ပြေသလို နေရာများတွင် စာသင်ပေးကြပါသည်။ ကျောင်းမတက်မီ အားလုံးစုပေါင်း၍ ဘုရားရှိခိုးပြီး ငါးပါးသီလခံယူကာ ဆရာတော်၏ ဩဝါဒကို ခံယူကြပါသည်။ ကျောင်းနေအရွယ် ရောက်ပြီဆိုလျှင် ယောကျ်ားလေးဖြစ်ပါက ဆွမ်းတစ်ပွဲနှင့် ဆရာတော်၏ထံသို့ မိဘများက အပ်နှံကာ ဘုန်းကြီးကျောင်းသားအဖြစ် ခံယူကြပါသည်။ မိဘများက ရှင်ပြုပေးပြီးလျှင်လည်း ရှင်သာမဏေအဖြစ်နှင့်ပင် ကျောင်းတက်

ကြပါသည်။ အလယ်တန်း၊ အထက်တန်းကျောင်း တက်ရန်နှင့် မိဘကို ပြုစုလုပ်ကျွေးနိုင်သည့် အချိန် ရောက်မှ လူဝတ်လဲကြပါသည်။ ထို့ကြောင့် ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ ဘာသာ တရားနှင့် မဝေးကွာဘဲ မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာ၊ မြတ်ဗုဒ္ဓ၏ နေ့ထူးနေ့မြတ်များကို အထူးတလည် သင်ပြနေစရာမလိုခဲ့ပါ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာ ရေးသုံးပါးသည် ဗုဒ္ဓဘာသာဝင်တို့၏ လက်ကိုင် တရားဖြစ်ပါသည်။ ပျော်ရာမှာမနေ တော်ရာမှာ နေရဟူသော ဆိုရိုးစကားသည်လည်း မှန်ကန်သော နိယာမတရားဖြစ်ပါသည်။ မိမိတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေသည် အလွန်ပင်သာယာ၍ ပျော်ရွှင်စရာ လည်း ကောင်းပါသည်။ စားသုံးရန် အသီးအနှံများ လည်း ရာသီအလိုက် ပေါများပါသည်။ ရွာ၏ အရှေ့ ဘက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်း၊ ရွာ၏ အနောက်ဘက်တွင် နှစ်စဉ်ဘုရားပွဲတော်ကျင်းပသော ရန်ကင်းတောင်ဘုရား စသည်ဖြင့် သီးနှံစုံစိုက်ပျိုးရာ ဒေသသို့ ပြောင်းရွှေ့ခဲ့ရပါသည်။

ကျွန်တော်တာဝန်ကျရာမြို့သည် တိုင်းရင်း သားလူမျိုးပေါင်းစုံနေထိုင်ရာ မြို့ဖြစ်ပါသည်။ စီးပွား ရေး အချက်အချာကျသဖြင့်လည်း မြန်မာပြည်အနှံ့မှ လာရောက်၍ စီးပွားရှာကြသူများလည်း ပေါများပါ သည်။ မြို့လယ်တွင်ရှိသော ရှမ်းရိုးမကွင်းအတွင်း၌ လပြည့်လကွယ်နေ့တိုင်း အလင်းရောင်ပရဟိတ အသင်းမှ ဦးစီးကျင်းပသော ဆွမ်းလောင်းပွဲရှိပါ သည်။ ထိုဆွမ်းလောင်းပွဲတွင် ရဟန်း၊ သာမဏေ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ စုစုပေါင်း အပါး (၁၀၀၀)ကျော် အလှူခံကြွကြပါသည်။ ဝမ်းသာ ပီတိဖြစ်ရပါသည်။ သို့သော်လည်း ကျွန်တော်၏ သားသားနှင့်မီးမီးအား ကြည့်ပြီး အခြားသော ဗုဒ္ဓ ဘာသာဝင်တို့၏ သားသားမီးမီးတို့ကိုလည်း နောင်ရေးအတွက် တွေးတောပူပန်မိပါသည်။ အခြားမဟုတ်ပါ ဗုဒ္ဓဘာသာအကြောင်း ထဲထဲဝင် ဝင် လေ့လာသိရှိပြီး အမျိုးဘာသာသာသနာကို ထာဝရထိန်းသိမ်းစောင့်ရှောက်သွားနိုင်သည့်သူများ ဖြစ်စေလို၍ ဖြစ်ပါသည်။ ယခုတော့ ကျောင်းစာကို သာ အာရုံစိုက်ပြီး ဘာသာတရားနှင့် ပတ်သက်၍ ဘုရားရှိခိုးနှင့် ငါးပါးသီလကို မနည်းလေ့ကျင့် သင်ကြားပေးထားရပါသည်။ ကျွန်တော်တို့မှာ လည်း နံနက်ချိန်ရုံးသွား သားသားမီးမီးတို့က လည်း ကျောင်းသွားနှင့် ဆွမ်းခံကြွသည့် ဆရာ တော်များနှင့် မဆုံဖြစ်သည်က များပါသည်။ ထို့ကြောင့် သားသားမီးမီးတို့မှာ ဘုန်းဘုန်းများ နှင့်လည်း စကားမပြောတတ်ပါ။ တစ်ခါတစ်ရံ ကြုံ ကြိုက်၍ ပြောသည့်အခါတွင်လည်း အလွဲအမှား များဖြစ်နေ၍ မနည်းသင်ပြပေးရပါသည်။ ကျွန်တော် တို့ငယ်စဉ်က နေ့စဉ်ဘုန်းတော်ကြီး ကျောင်း ရောက်သော်လည်း သားသားမီးမီးတို့မှာ ဘုန်းတော်ကြီးကျောင်းနှင့် အနေဝေးနေပါသည်။

တစ်နှစ်တွင် သုံးကြိမ်သာ ရောက်ပါ သည်။ သင်္ကြန်ရက်တွင် တစ်ကြိမ်၊ ဝါဆိုလပြည့် နေ့တွင် တစ်ကြိမ်၊ သီတင်းကျွတ်လပြည့်နေ့တွင် တစ်ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာ အဆုံးအမ၊ သြဝါဒတို့ကို သိရှိရန် အလွန်ပင် အလှမ်းဝေးနေခဲ့ပါသည်။ မိဘတို့မှာ မသိ၍ မတတ်၍ မဟုတ်သော်လည်း သင်ကြား ပြသပေးရန် အခြေအနေနှင့် အချိန်အခါများစွာ လိုအပ်နေပါသည်။ ဓမ္မအမွေတို့ လက်ဆင့်ကမ်း ပေးမည့်သူများကို မျှော်လင့်နေမိပါသည်။ ယနေ့ လူငယ်၊ နောင်ဝယ်လူကြီးဖြစ်မည့်သူများ လက်ထဲ သို့ မြတ်ဗုဒ္ဓအမွေ မရောက်လျှင် ကျွန်တော်တို့၏

အမျိုးဘာသာသာသနာအတွက် ရင်လေးဖွယ်ရာဖြစ်ပါသည်။

လက်ဝဲသုန္ဒရအမတ်ကြီးသည် သေးငယ်သောအမှုဖြင့်ပင် မဲဇာသို့ နယ်နှင်ဒဏ်ပေးခြင်း ခံခဲ့ရပါသည်။ မဲဇာဒေသသည် အလွန်အေးသော ဒေသဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ဝဲ သုန္ဒရအမတ်ကြီးသည် နေမင်းကြီး မြန်မြန်ထွက်ပေါ်လာစေရန် တစ်နေ့တာအတွက် နေ့စဉ်နံနက်တိုင်း ဆုတောင်းနေရပါသည်။ နေခြည်ဖြာမှ နွေးမည်ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ နေခြည်ဖြာမှ မဲဇာတောင်ခြေပိုဒ်စုံရတုကို ရေးနိုင်မည်ဖြစ်ပါသည်။ ကျွန်တော်လည်း လက်ဝဲသုန္ဒရအမတ်ကြီးကဲ့သို့ပင် ဓမ္မနေခြည်ဖြာစေရန် အမြဲဆုတောင်းခဲ့ပါသည်။ သို့မှသာ ဘာသာသာသနာသန့်ရှင်းတည်တံ့ပြီး သားသားမီးမီးတို့တတွေလည်း မြတ်ဗုဒ္ဓ၏ အမွေများနှင့် ပြန်လည်ဆုံတွေ့ခွင့်ရမည်ဖြစ်ပါသည်။ တစ်နေ့တာအတွက် မဟုတ်ပါ။ နောင်သံသရာအတွက်ဖြစ်ပါသည်။

တစ်နေ့တွင် ရန်ကုန်မှ သူငယ်ချင်းက ဖုန်းဆက်လာပါသည်။ ၎င်းသည် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်း တက်ရောက်ပြီးဖြစ်ကြောင်းနှင့် ဖောင်ဒေးရှင်း၏ မူဝါဒ (၄)ရပ်ဖြစ်သော သားသားမီးမီးတို့ကို **ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်များနှင့်အညီ သင်ကြားပို့ချရေး၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေး၊ အခြားသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ၊ မထိခိုက်ရေး၊ ပါတီနိုင်ငံရေးကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ရေး**-ဟူသော မူဝါဒ (၄)ရပ်ကိုလည်း ပြောပြပါသည်။ ကျွန်တော် အလွန်ပင် ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ယခုတော့ ဆုတောင်းပြည့်ခဲ့ပါပြီ၊ ယခုအခါတွင် တိုင်းနှင့်ပြည်နယ်အနှံ့တွင် ဓမ္မစကူးလ်ကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရပါသည်။ ကျွန်တော်တို့ မြို့မှလည်း အမျိုးဘာသာသာသနာအရေး မျှော်တွေးကြသည့် ပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် ဓမ္မစကူးလ်ကျောင်းများ ပေါ်ပေါက်လာပါပြီ။ ရန်ကုန်နှင့် နေပြည်တော်မြို့ကြီးများတွင် ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)မှ ဖွင့်လှစ်သော ဆရာဖြစ်သင်တန်းများသို့ သင်တန်းသားများ စေလွှတ်ကာ တက်ရောက်စေခဲ့ကြောင်း သိရပါသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) သည် ဆရာဖြစ်သင်တန်း ပို့ချရာ၌ ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA)ဖြင့် သင်ကြားပြသနိုင်ရေးအတွက် စနစ်တကျ သင်တန်းပို့ချပေးခဲ့ကြောင်း ဝမ်းမြောက်ဖွယ်ရာ သိရှိခဲ့ရပါသည်။ ယခုအခါတွင် တနင်္ဂနွေနေ့ ရောက်တိုင်း ဓမ္မစကူးလ်ကျောင်းသို့ တက်ရောက်ကြသည့် သားသားမီးမီးတို့ကို မြင်တွေ့ရတိုင်း ဝမ်းသာပီတိဖြစ်ရပါသည်။

**လက်ဝဲ သုန္ဒရအမတ်ကြီးကဲ့သို့ပင် ဓမ္မနေခြည်ဖြာစေရန် အမြဲဆုတောင်းခဲ့ပါသည်။ သို့မှသာ ဘာသာသာသနာ သန့်ရှင်းတည်တံ့ပြီး သားသားမီးမီးတို့တတွေလည်း မြတ်ဗုဒ္ဓ၏ အမွေများနှင့် ပြန်လည်ဆုံတွေ့ခွင့်ရ မည်ဖြစ်ပါသည်။ တစ်နေ့တာအတွက် မဟုတ်ပါ။ နောင်သံသရာအတွက်ဖြစ်ပါသည်။**

ဓမ္မစကူးလ် ကျောင်းမှ အားလုံးသော ပရဟိတကုသိုလ်ရှင်များကိုလည်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါသည်။ ဓမ္မစကူးလ်တက်ရောက်သော သားသားမီးမီးတို့၏ မိဘတိုင်း နှလုံးစိတ်ဝမ်းအေးချမ်းကြမည် အမှန်ပါ။ မြတ်ဗုဒ္ဓ၏ အမွေကို အခြေခံမှစ၍ သင်ကြားပြသပေးခြင်းကြောင့် ယဉ်ကျေးလိမ္မာသော သားသား မီးမီးများ ဖြစ်နေကြပါပြီ။ မိမိတို့၏ အကျိုးအတွက်လည်းကောင်း၊ အမျိုးဘာသာသာသနာအတွက် လည်းကောင်း၊ ဓမ္မစကူးလ်မှ သင်ကြားပေး၍ ထဲထဲဝင်ဝင် သိရှိနိုင်ကြပါပြီ။ ဆရာတော်ဘုရားများနှင့်လည်း ပြန်လည်လျှောက်ထား ပြောဆိုတတ်ကြပါပြီ။ ဘာသာရေးဆိုင်ရာ အခါကြီးရက်ကြီးများနှင့် အခြားသော နေ့ထူးနေ့မြတ်များကို သိရှိကြပါပြီ။ ကျွန်တော် တစ်ချိန်က မျှော်လင့်ထားခဲ့သော ဓမ္မအမွေကို လက်ဆင့် ကမ်းပေးမည့်သူများလည်း ပေါ်လာ၍ ဝမ်းသာမဆုံး ဖြစ်ရပါသည်။ ဗုဒ္ဓဘာသာဝင် မိဘတိုင်းက ဝိုင်းဝန်းကူညီပူးပေါင်းကာ ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ပြန့်ပွားနိုင်ရေးအတွက် အကူ အညီများပေးရန် လိုအပ်လှပါသည်။ သားသားမီးမီးတို့ကိုလည်း ငယ်ရွယ်စဉ်မှစ၍ ဓမ္မစကူးလ်ကျောင်း သို့ ပို့ပေးသင့်လှပါသည်။ ဓမ္မစကူးလ်၏ ကောင်းကျိုးကို လက်တွေ့ ခံစားနေရပါပြီ။ အပြုံးကိုယ်စီနှင့် ဓမ္မစကူးလ်ဆရာ ဆရာမတို့၏ ကျေးဇူးကြောင့် ဓမ္မနေခြည်ဖြာပြီး သားသားမီးမီးတို့နှင့် အတူ နွေးထွေးတဲ့ ပီတိတွေ ခံစားနေရပါပြီ။ နေခြည်ဖြာ၍ သင်းပျံ့သောရောင်စုံပန်းများ ဖူးပွင့်ကြသလို သားသားမီးမီးတို့ တတွေသည်လည်း ဓမ္မနေခြည်အောက်ဝယ် အမျိုးဘာသာသာသနာအတွက် အသိဉာဏ်များ ပွင့်လန်း လာပါပြီ။

## ဓမ္မစကူးလ်ဂျာနယ် စာမူများ ဖိတ်ခေါ်ခြင်း

ဓမ္မစကူးလ်ဂျာနယ်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ထုတ်ဝေနေပြီဖြစ်ပါ၍ စာပေဝါသနာ ရှင်များနှင့် ဓမ္မစကူးလ်လုပ်ငန်း ဆောင်ရွက်နေကြသူများအနေဖြင့် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် အကြောင်းအရာများ၊ ဓမ္မစကူးလ်ဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်သည့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ကာတွန်း၊ သတင်းများကို -

"(က) ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်များနှင့်အညီ သင်ကြားပို့ချရေး၊

(ခ) မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တန်ဘိုးထား ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) အခြားသောပုဂ္ဂိုလ်ကို ဖြစ်စေ၊ ဘာသာကို ဖြစ်စေ၊ အဖွဲ့အစည်းကို ဖြစ်စေ မထိခိုက်ရေး၊

(ဃ) ပါတီနိုင်ငံရေး ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ရေး" ဟူသော ဓမ္မစကူးလ်ဖောင်ဒေး ရှင်း၏ မူဝါဒ (၄)ရပ်နှင့်အညီ ရေးသားပေးပို့နိုင်ကြပါသည်။

ဓမ္မစကူးလ်လုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် ဓမ္မစကူးလ်လှုပ်ရှားမှု ဓာတ်ပုံများကိုလည်း အကြောင်းအရာနှင့်တကွ ပေးပို့နိုင်ကြပါသည်။

စာရေးသူ၏ အမည်ရင်း၊ ကလောင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ E-mail တို့ကို အပြည့်အစုံ ထည့်သွင်းပေးကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

**ပေးပို့ရန်**

မြိတ်ကျားကျောင်း၊ အိမ်တော်ရာဘုရားဝင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
E-mail; dhammaschoolfoundation.2012@gmail.com
ph / viber; 09 - 781285319, 09 - 250364573



# ပြေးကြည့်တာထက် တွေးကြည့်တာက မှန်တယ်ဆိုရင်

‖ ရှာန်ဝေး ‖

လွှမ်းခဲ့တဲ့ ရက်အနည်းငယ်များက သူ့ကို ပိုပိုပြီး သတိထားကြည့်မိခဲ့တယ်။ သူနဲ့ ပတ်သက်ပြီး ရေးချင်စိတ် ပိုကဲလို့ သူ့ရဲ့ နေပုံထိုင်ပုံ၊ သွားပုံလာပုံတွေကို စိတ်ဝင်တစား လေ့လာဖြစ်ခဲ့တယ်။

အပတ်စဉ် တနင်္ဂနွေနေ့တိုင်းမှာ သူဟာ ရယ်အောင်ပြုသူ တစ်ယောက်၊ လူအများကြားမှာ တစ်မူထူးခြားသူ တစ်ယောက်လို့ ထင်စမှတ်ပြုကြတယ်။ သူ့ရဲ့ အသက်က ခြောက်နှစ်ခန့် ကျွန်တော်သင်တဲ့ ဓမ္မစကူးလ်ကျောင်းမှာ ပထမတန်းကို တက်နေတာဖြစ်ပါတယ်။ အများစုက သူကို ကြည့်ကြည့်ပြီး ရယ်ကြ၊ ပြောကြသေးတာကလည်း သူ့ရဲ့မျက်နှာ ညှိုးငယ်နေရလောက်အောင် ဖြစ်ရတယ်။

"ဟဲ့ အဲဒီကလေးက ကျပ်မပြည့်ဘူး ထင်တယ်"

"အေး ဟုတ်မှာပဲ့၊ စိတ်မကောင်းတာလား မသိဘူး။"

"စိတ်မကောင်းတာဆိုလည်း သူ့ပုံက မထင်ရဘူးနော်"

"မွေးရာပါ ဉာဏ်ရည်ချို့ယွင်းလို့ ဖြစ်မယ်"

"လူအမျိုးမျိုး စိတ်အထွေထွေ"ဆိုသလို ထင်ရာမြင်ရာတွေ ပြောကြ ဆိုကြပေါ့။ ကျွန်တော်ကတော့ မခွဲခြားတတ်၊ မွေးရာပါ ဉာဏ်ရည်ချို့တဲ့ (Autism)သူလို့ မထင်ရ၊ သူ့ပုံကလည်း သပ်သပ်ရပ်ရပ်ပါပဲ။ ဒါပေမဲ့ သူပြောချင်ရာ၊ သူလုပ်ချင်ရာကို ပြောရ လုပ်ရမှ စိတ်ကျေနပ်ပုံရတယ်။ စိတ်ပညာရှင်တစ်ယောက်က ကျွန်တော့်ကို ပြောဖူးတာကတော့ လူတစ်ယောက်ရဲ့ အပြောအဆို အပြုအမူတွေဟာ ပတ်ဝန်းကျင်နဲ့ သိပ်ဆိုင်တယ်။ ဒီကလေးရဲ့ ကျင်လည်ခဲ့ရာ အသိုင်းအဝိုင်းမှာ အော်အော်ပြောတဲ့ အလေ့အထ ရှိနေလောက်တယ်တဲ့။ အဲဒီကလေးလည်း ပတ်ဝန်းကျင်က အလေ့အထ ပါလာတာဖြစ်လိမ့်မယ်။

ဟိုတစ်နေ့က သူ့မိဘနဲ့ ကျွန်တော်တွေ့တော့ ဆရာတဲ့…"ကျွန်မရဲ့ သားကြောင့် အားလုံးက ဝိုင်းရယ်နေကြတာကို မြင်ခဲ့ရတယ်။ ဆရာရယ် ကျွန်မသားက သုံးနှစ်သားလောက်မှ စကားကောင်းကောင်း ပြောတတ်တာတဲ့" သူ့အမေ စိတ်မကောင်းစွာနဲ့ ပြောပြလာခဲ့တယ်။

စုပေါင်းပြီး ဘုရားရှိခိုးနေချိန်ဆို အမြဲတမ်း သူ့အသံကြောင့် ဆရာ၊ ဆရာမတွေရော မိဘတွေကပါ အနှောင့်အယှက်ဖြစ်တာမို့ သူ့အနားကို သွားပြီး သတိပေးကြရတယ်။ ဘယ်လောက်ပဲ သူ့ကိုပြောပြော သူ့စိတ်က လက်မှမခံနိုင်တာ သူ့ကို တစ်ခွန်းပြောတိုင်း သူကလိုက်အော်ပြောတယ်။ ထင်သာမြင်သာ ပြောရမယ်ဆိုရင် 'သား ငြိမ်ငြိမ်နေနော်'လို့ ပြောတဲ့အခါ သူကပါ 'ငြိမ်ငြိမ်နေကြ' ဆိုပြီး လိုက်အော်ပြောတာမျိုး။ 'ဆရာတော်က ငါးပါးသီလခံယူကြရအောင်'လို့ မိန့်ရင် 'ငါးပါး သီလယူမယ်'နဲ့ အကျယ်ကြီး အော်အော်ပြောတာမျိုး။ သူ့ဘေးနားက အရွယ်တူကလေးတွေက သူ့ကို ကြည့်ရင် 'ကြည့်နေတယ်'နဲ့ အော်ပြောတာမျိုး။ 'အဲ့လို မလုပ်ရဘူးသား တိုးတိုးနေနော်'လို့ ပြောရင် 'တိုးတိုးနေ'လို့ အသံအကျယ်ကြီး အော်ပြောတာမျိုးပေါ့။ ဆရာမတစ်ယောက် နှစ်ယောက်နဲ့လည်း ထိန်းမရ သိမ်းမရ၊ သူ့ကို ဘယ်လို လုပ်ရမလဲဆိုပြီး စိတ်ထဲ ခိုးလိုးခုလုတွေဖြစ်ကြရသလို ရယ်စရာလည်းဖြစ်ကြတယ်တဲ့။ သူ့နေရာမှာ ကျွန်တော် ခဏလောက်ဖြစ်ဖြစ် ဝင်ကြည့်ချင်မိတယ်၊ သူဟာ ဘယ်လို လူမျိုးလဲ၊ သူ့စိတ်တွေ ဘာဖြစ်နေတာလဲ၊ ဖြစ်တည်မှု စိတ်တွေမြန်တာလား၊ မြင်တာကို အော်ပြောတတ်တာ အဆန်းတော့ မဟုတ်ပါဘူး။ ကျွန်တော် သူ့ဘေးနားကို သွားပြီး သူ့ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ပြုံးပြပြီးထိုင်နေလိုက်ရင် ငြိမ်နေပြန်ရောပဲ။ တစ်ခါတစ်ခါ ထထအော်တော့ ဆရာမတစ်ယောက်က စိတ်မရှည်ဟန်နဲ့ ထလာပြီး သူ့ပါးစပ်ကို လက်ဖဝါးကြီးအုပ် ပိတ်ထားလိုက်တဲ့အခါ သူ့ရဲ့မျက်နှာဟာ ညှိုးငယ်သွားတယ်ဗျာ။ ကျွန်တော် သုံးတန်းအရွယ်က စာသင်ကျောင်းမှာ ဆရာမက မတ်တတ်ထခိုင်းပြီး ကျွန်တော်ဆိုရခက်ခဲတဲ့ အင်္ဂလိပ်စာတစ်လုံးကို ဆူခါခြောက်ခါနဲ့ ထပ်ခါတလဲလဲ ဆိုခိုင်းတော့ ကျွန်တော် ဆိုရင်း ဆိုရင်း သိမ်ငယ်တဲ့စိတ် ဖြစ်ခဲ့ဖူးသလိုမျိုးပေါ့။ ဒီလို လုပ်ရပ်တွေဟာ အများလည်း အမြင်မတော်သလို ဓမ္မစကူးလ်ကျောင်းမှာ ကလေးတွေကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုဆက်ဆံတာလည်း သင့်လျော်မှာ မဟုတ်ပါဘူး။ ငယ်ငယ်က သူ့အမေ ရိုက်တာကိုမြင်ပြီး သူလည်း ရိုက်တတ်သွားတယ်၊ ငယ်ငယ်

က ဆရာ၊ ဆရာမတွေ ရိုက်တာကို မြင်ပြီး သူလည်း ရိုက်တတ်သွားတယ်။ ပြောဆိုဆက်ဆံရာမှာလည်း ဒီလိုပဲပေါ့။ အဲဒါကြောင့် ကလေးတွေအပေါ်မှာ ညင်သာနူးညံ့စွာနဲ့ ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားကြရင် မကောင်းဘူးလားဗျာ။ ဓမ္မစကူးလ်ကျောင်းမှာ အပြုသဘောဆောင်တဲ့ စည်းကမ်းတွေ ဘယ်လောက်ချချ စည်းကမ်းအတိုင်း နေချင်မှနေနိုင်မှာပေါ့၊ ကျွန်တော် စာသင်ရင် နှစ်ယောက်လောက်ကတော့ ပြောမနိုင်အောင် အမြဲဆော့နေကြပဲ၊ ဒီအခါမှာ သင်ကြားမှုကိုခဏရပ် သူတို့ကို ကြည့်ပြီးပြုံးပြလိုက်ရင် စာပြန်သင်လို့ အဆင်ပြေပြန်ရော။ ဒါဟာ စိတ်ဆိုး မာန်ဆိုးနဲ့ အော်ဟစ်နေတဲ့ ကျွန်တော်ရဲ့ ပုံရိပ်ကို သူတို့တွေ မသင်ယူမိစေဖို့ပါပဲ။ ကျွန်တော်တို့က ပြုံးလိုက်ရတာ ခဏလေးပါ။ ဒါမှ သူတို့အတွက် ကိုယ်မူဟန် နှုတ်မူဟန် သင်ယူမှု မှန်ကန်မှာပါ။ ကလေးတွေဆိုတာ မြင်ရင်မြင်တဲ့အတိုင်း၊ ကြားရင် ကြားတဲ့အတိုင်း အတုယူလွယ်တတ်ကြတာ မဟုတ်ပါလား။

ဒီကလေးရဲ့ အတန်းပိုင်ဆရာမနဲ့တွေ့တော့ စာသင်ယူမှုအခြေအနေကို မေးမြန်းကြည့်တဲ့အခါ "အိုး…ဆရာရယ်၊ ဘယ်ပြောကောင်းမလဲ၊ ကျွန်မ စာသင်ရင် အဲဒီကလေးဟာ အငြိမ်ကို မနေတာ၊ သူ လုပ်ချင်ရာကိုပဲ လုပ်နေတာ၊ မတတ်နိုင်တော့တဲ့အဆုံး သူ့ကို ဥပေက္ခာပြုထားလိုက်တယ်၊ သူ့ကို ဂရုမစိုက်တော့ပဲ ပစ်ထားလိုက်တယ်။"

"ဒီစကားကို ကြားတော့ သူသိမ်ငယ်နေရှာမှာပေါ့၊ ဒီဓမ္မစကူးလ်မှာရော သူပျော်ပါ့မလား"လို့ ကျွန်တော် တိတ်တဆိတ် တွေးလိုက်မိတယ်။ ဒါပေမဲ့ အပတ်စဉ်တိုင်း ပျက်ရက်မရှိဘဲ ရောက်ရောက်လာတဲ့ သူ့ကို အလေးထား လေးစားမိပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ ကောင်းမြတ်တဲ့ကုသိုလ်တွေ ရနေမှာပါ။

ဆရာ၊ ဆရာမတွေအားလုံး ထမင်းစားချိန် ရောက်တော့ စကားတွေပြောကြရင်း အဲဒီကလေးအကြောင်းက တစိုက်မတ်မတ် ရောက်လာပြန်တယ်။ ဆရာ၊ ဆရာမတွေဆုံတိုင်း အဲဒီကလေးအကြောင်းကို ကြားရပြန်တယ်။

"ဟဲ့ အဲဒီကလေးက တော်တော်ကို ဆိုးတာနော်"

"ဆေးတော့ ကုသင့်နေပြီ"

"သူ့ မိဘကို ခေါ်ပြီး ပြောရအောင်"

"ဒီကလေးဟာ သာမန်ကလေးနဲ့ မတူဘူး"

အဲဒီလို ပြောကြရင်း ဉာဏ်ရည်ချို့တဲ့ (Autism) ကလေးတွေကို စာသင်ပေးနေတဲ့ ဆရာမတစ်ယောက်ကလည်း "ဟုတ်တယ်။

---

**လူတစ်ယောက်ရဲ့ အပြောအဆို အပြုအမူတွေဟာ ပတ်ဝန်းကျင်နဲ့ သိပ်ဆိုင်တယ်။ ဒီကလေးရဲ့ ကျင်လည်ခဲ့ရာ အသိုင်းအဝိုင်းမှာ အော်အော်ပြောတဲ့ အလေ့အထ ရှိနေလောက်တယ်တဲ့။ အဲဒီကလေးလည်း ပတ်ဝန်းကျင်က အလေ့အထ ပါလာတာဖြစ်လိမ့်မယ်။**

---

အဲဒီကလေးရဲ့ ပုံစံက ကျွန်မ စာသင်ပေးနေတဲ့ ကလေးတွေလိုပဲ။ သတိထားပြီးနေကြနော်၊ ဟိုတစ်နေ့က တောင် ကလေးတစ်ယောက်က သူ့ရဲ့စိတ်အလို မပြည့်လို့ ကျွန်မကို ကိုက်ပစ်လိုက်တာ ဒီမှာကြည့်''ဆိုပြီး ''အင်္ကျီကို လှန်ပြတော့ ဟင်းခနဲ..ဟာခနဲနဲ့ တအံ့တသြပေါ့။ ''အဲဒီလို ကလေးတွေက အရမ်းကြောက်ဖို့ ကောင်းတာ၊ သူတို့ အလိုပြည့်အောင် ကိုက်ရရင် ကိုက်ရ၊ မကိုက်ရရင် သူ့အသားကို သူပြန်ကိုက်တာ၊ အဲဒါမှ အလိုမပြည့်ရင် အုတ်နံရံနဲ့ ပြေးဆောင့်ရမှ အာသာပြေတာ''တဲ့ အဲဒီလိုပြောတော့ ဆရာ၊ ဆရာမတွေ အားလုံးက ကြောက်လန့်သွားကြပြီး ''ဒါဆိုရင် ငါတို့ သူ့မိဘကို အမြန်ခေါ်ပြီး စကားပြောကြရအောင်'' တဲ့ ဒီနေရာမှာ ကျွန်တော်တို့တတွေ ပြေးကြည့်တာထက် တွေးကြည့်တာမှန်တယ်ဆိုရင် ချက်ချင်း လက်ငင်းကြီး မခေါ်သင့်သေးပါဘူး။

သူ့ဖိုင်ကို ယူကြည့်လိုက်တော့ သူက ချင်းလူမျိုး။ သူ့အမေက ကျောင်းစအပ်တုန်းက ပြောဖူးတယ်။ ''ကျွန်မ သားက သူလုပ်ချင်ရာကို လုပ်ရမှ ကျေနပ်တာ၊ စကားပြောတတ်တာလည်း နောက်ကျတယ်'' တဲ့ ဒါဖြစ်နိုင်တယ်။ ကျွန်တော်တို့ လူကြီးတွေတောင်မှ တခါတလေ လိုချင်တာရမှ၊ လုပ်ချင်တာကို ဖြစ်အောင် လုပ်ရမှ၊ ပြောချင်တာကို ပြောချပစ်လိုက်မှ နေလို့ထိုင်လို့ ကောင်းတာ မဟုတ်လား။ ချင်းတိုင်းရင်း သားဖြစ်တဲ့ ဒီကလေး ဒီအရွယ်နဲ့ ဘုရားရိပ်၊ တရားရိပ်အောက်မှာ ပျော်နေတာ၊ ဘာသာတရား ကိုင်းရှိုင်း တတ်တာကိုပဲ လေးစားချစ်စဖွယ်ကောင်းသလို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အချိန်မှန်မှန်ရောက်အောင် လာပို့တဲ့ သူ့မိဘကိုလည်း လေးစားဂုဏ်ယူနေရမှာပါ။

တကယ်လို့ သူ့မိဘကို ခေါ်ပြီး ''အစ်မသားက ဘာတွေ ထထပြီးအော်မှန်း မသိဘူး၊ စာသင်ချိန်ဆိုလည်း ပြောလို့မရတော့ တစ်နေရာမှာ သူ့ကိုတစ်ယောက်တည်း ထားရတယ်။ ပါးစပ်ကလည်း ကျွန်မပြောရင် ပြောသလိုနောက်က လိုက်အော်နေတာ၊ အဲဒီလိုတွေ အော်တဲ့အခါ အားလုံးက ရယ်ကြတော့ လုပ်ငန်းလုပ်ရတာ အနှောင့်အယှက် ဖြစ်ရတယ်''စတဲ့ စကားများ ပြောလိုက်မိရင် ဒီကလေးရဲ့မိဘ ဘယ်လိုမြင်နိုင်လာမလဲ၊ ကျွန်တော်တို့ တွေးကြည့်ပြီးပြောလိုက်မှ ကလေးရော သူ့မိဘအသိုင်းအဝိုင်းကပါ စိတ်မကောင်းစွာနဲ့ ဓမ္မစကူးလ်ကနေ နီးရာမှ ဝေးသွားခဲ့ရင်...။


ရျာန်ဝေး

## မေတ္တာရပ်ခံခြင်း

ဓမ္မစကူးလ်ဂျာနယ်သို့ စာမူပေးပို့ချီးမြှင့်ကြသော ဆရာတော်၊ သံဃာတော်များနှင့် စာပေပညာရှင် ကလောင်သစ်၊ ကလောင်ဟောင်းများအား အယ်ဒီတာအဖွဲ့မှ အထူး ကျေးဇူးတင်ရှိပါသည်။

စာမူပေးပို့ကြရာတွင် အခြားသော ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များသို့ ပေးပို့ထားခြင်း မရှိသော စာမူများကိုသာ ပေးပို့ကြရန် အယ်ဒီတာအဖွဲ့မှ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

အယ်ဒီတာအဖွဲ့



# အပျော်အပျက်

**မိုးမြင့်သူ (အမှိုက်လေး)**

ပျော်ရွှင်မှုဆိုတာ လူတိုင်းအတွက် မရှိမဖြစ်တဲ့ အလိုအပ်ဆုံး သောအရာတစ်ခုပါ။ ပျော်ရွှင်မှုက စိတ်ဓာတ်ကို မြှင့်တင်ပေးပါတယ်။ ဘဝအောင်မြင်မှုကို အထောက်အကူဖြစ်စေပါတယ်။ ပျော်ရွှင်မှုမရှိရင် စိတ်ဓာတ်တွေ အလိုလိုကျလာပြီး အောင်မြင်မှုတွေအစား ကျရှုံးမှု တွေသာ တိုးပွားလာပါတယ်။ အပျော်မရှိဘဲ အပျက်တွေသာ များ လာပါတယ်။ ဘာလုပ်လုပ်အရာမထင်တော့ပါဘူး။ သဲထဲရေသွန်သလို အစအနပျောက်သွားတတ်ပါတယ်။ ဒါကြောင့်မို့ ရှေးပညာရှိတွေက ပျော်ပျော်နေ သေခဲဆိုပြီး စကားပုံတစ်ခု ဆိုထားခဲ့ပါတယ်။

မှန်ပါတယ်။ ပျော်နေတဲ့ လူတစ်ယောက်ဟာ ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာနေလို့ အနာရောဂါတွေ ကင်းဝေးပြီး အသက် ရှည်နိုင်ပါတယ်။ သို့သော် ကိုယ်ပျော်ရွှင်စေဖို့အတွက် သူများတွေကို အပျက်ထဲပို့ခဲ့ရင်တော့ ဘယ်လောက်ပဲ ကျန်းမာ အသက်ရှည်နေ

စေကာမူ သမိုင်းကြောင်းက မလှတော့ပါဘူး။ ကိုယ့်ရဲ့အပျော်တစ်ခုအတွက် နောင်လာ နောက်သားတွေ အယူမှား အတုမှားပြီး အပျက်တရားကို ခံမင်သွားခဲ့ရင် မြားဦးက ကိုယ့်ဘက်ကို လှည့်လာမှာပါ။ ကိုယ်ကတော့ အပျော်သဘောလေး ပြောခဲ့ ဆိုခဲ့ ရေးခဲ့လုပ်ခဲ့ပေမဲ့ ကိုယ့်ကို လေးစားအားကျအတုယူနေတဲ့သူတွေက ကိုယ့်အတိုင်း ပြောဆိုရေးသားပြီး ကိုယ်လုပ်သလို တစ်သဝေမတိမ်းလိုက်လုပ်မယ်ဆိုရင် သမိုင်းတရားခံက ကိုယ်ပါပဲ။

ခုခေတ်ကလည်း အတုမြင်အတတ်သင်တဲ့ ခေတ်ကြီးပါ။ ဟုတ်မဟုတ် ကိုယ်တိုင်စမ်းသပ်ချင်ကြတဲ့ ခေတ်ကြီးပါ။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အကုန်လုံးက လက်တွေ့သမားတွေပဲ ဖြစ်နေတဲ့ ခေတ်ကြီးပါ။ ဒီလို ခေတ်ကြီးထဲမှာ ကျင်လည်နေကြတဲ့သူတွေဟာ အပျော်အပါးကို နှစ်သက်မြတ်နိုးကြပါတယ်။ ပျော်ရွှင်စရာကောင်းမယ့် အရာများကိုလည်း သူ့ထက်ငါတစ်မူးသာအောင် တီထွင်ကြံဆတတ်ကြပါတယ်။ တချို့အရာတွေဆိုရင် လူကြီး လူငယ်မရွေး လက်ခံနိုင်ကြပြီး တန်ဖိုးလည်း အရမ်းရှိပါတယ်။ အပျော်ကနေ အဖော်မွန်ကောင်း တစ်ခုအဖြစ် ဒွေးထွေးမှုကို ပေးစွမ်းနိုင်ပါတယ်။ ဒါကတော့ ဖန်တီးသူတွေရဲ့ ကောင်းမြတ်တဲ့ ရည်ရွယ်ချက်ကြောင့်ပေါ့။

တချို့တချို့တွေရဲ့ ပျော်စရာဖန်တီးမှုတွေကတော့ လူကြီးတွေကို နွံအိုင်ထဲမှာ နှစ်သတ်ပြီး ကလေးတွေကို အညွန့်ချိုးချေဖျက်တတ်ပါတယ်။ အရက်သေစာ မူးယစ်ဆေးဝါး စသော အပျော်တွေဟာ အပျက်တရားဘက်ကို ဦးတည်မောင်းနှင်နေပါတယ်။ မူးယစ်ဆေးဝါးကို တီထွင်လိုက်သူတွေက ကိုယ့်ရဲ့တစ်ခဏအပျော်အတွက်ပါ။ ဒါပေမဲ့ အတုယူသူတွေအတွက်ကတော့ အသက်လည်းမရှည် အခက်လည်းမဝေနိုင်တော့ပါဘူး။ တဖြည်းဖြည်းနဲ့ လူညွှန့်တုံးကာ ဘဝပါဆုံးကြရပါတယ်။ ပျော်ရာကနေ ပျက်သွားကြရပါတယ်။

ဒီနေရာမှာ အဆိုးဆုံးတစ်ခုက အနာဂတ်ရတနာလေးတွေဖြစ်တဲ့ ရင်သွေးငယ်လေးတွေဟာ ရှေ့ဆောင်လမ်းပြဖြစ်တဲ့ လူကြီးတွေရဲ့ အမှားလမ်းစဉ်တွေကို အကျွမ်းဝင်နေခြင်းပါပဲ။ ကလေးငယ်ဆိုတာ အမှားအမှန်ကို မခွဲခြားတတ်သေးတဲ့ သူတွေပါ။ ပြီးတော့ သူတို့ရဲ့ အသိဉာဏ်တွေက ဖြူစင်တယ်။ ရိုးသားတယ်။ ဖြောင့်မတ်ကြတယ်။ အသိတစ်ခု ရလိုက်ပြီဆိုတာနဲ့ အရိုးထဲအထိ စွဲနစ်သွားတတ်ကြတယ်။ ဟုတ်ဟုတ်မဟုတ်ဟုတ် မှန်မှန် မမှန်မှန် သူတို့ဦးနှောက်က လက်ခံထားလိုက်ကြတယ်။ အဲဒီတော့ သူတို့ဘဝတွေ အညွှန့်တုံးသွားကြတယ်။ ဒါဟာ သူတို့အပြစ် မဟုတ်ပါဘူး။ သူတို့ဘဝကို ရိုက်ချိုးနင်းချေပစ်တဲ့ လူကြီးတွေရဲ့ အပြစ်တွေပါ။

"ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားက၊ နောက်နွားတစ်သိုက်၊ ဖြောင့်ဖြောင့်လိုက်၏။"-ဆိုတဲ့ စကားပုံလို ရှေ့ကဦးဆောင်တဲ့ လူကြီးတွေက ဖြောင့်မတ်မှန်ကန်စွာ ပြောဆိုလုပ်ကိုင်နေကြမည်ဆိုလျှင် နောက်လိုက်ဖြစ်တဲ့ ရင်သွေးငယ်လေးတွေဟာ လမ်းကြောင်း မှန်ပေါ်ကို လျှောက်လှမ်းကြရပါလိမ့်မယ်။ ရှေ့က မဖြောင့်ရင်တော့ နောက်လိုက်ဖြစ်တဲ့ ရင်သွေးငယ်လေးတွေဟာ စမ်းတဝါးဝါးနဲ့ လမ်းမှားကြီးကို လျှောက်လှမ်းကြရမှာပါ။ ကချော်ကနင်းနဲ့ လျှောက်နေရတဲ့ ဘဝဟာ လိုရာပန်းတိုင်ကို ရောက်ဖို့မလွယ်ပါဘူး။ ပန်းတိုင်မရောက်ရင် အောင်မြင်မှုမရှိတော့ပါဘူး။ အောင်မြင်မှုဝေးလေ ပျော်ရွှင်မှုမရှိလေပါပဲ။ ပျော်ရွှင်မှုမရလေ အပျက်တရားကို လိုက်စားလေဖြစ်

လာမှာ အမှန်ပါ။

အခုအခါမှာ အွန်လိုင်းဆိုတာကြီးပေါ်လာတော့ ရင်သွေးငယ်လေးတွေရဲ့ ဘဝဟာ ရင်လေးစရာတွေဖြစ်လာပါတယ်။ ကျောင်းစာတွေလုပ်ရမယ့်အချိန်မှာ လိုင်းပေါ်တက်ပြီး အချိန်ကုန်ခံနေကြပါတယ်။ မိဘတွေကလည်း ကိုယ့်ရဲ့သားသမီးတွေကို စည်းကမ်းကျကျ ဆိုဆုံးမလို့ ပညာရေးဦးစားပေးရမယ့် အချိန်မှာ လိုင်းပေါ်ရောက်နေကြပါတယ်။ ဒီတော့ ဘာဖြစ်လာသလဲဆိုရင် ရင်သွေးငယ်လေးတွေရဲ့ ဘဝတက်လမ်းတွေ ကျဆင်းလာတယ်။ အောင်မြင်မှုပန်းတိုင်တွေ ပျောက်ကွယ်လာတယ်။ ရည်မှန်းချက်တွေ မှေးမှိန်လာတယ်။ ပညာရေးတွေ ဆုတ်ယုတ်လာတယ်။ အသိဉာဏ်တွေ မှဲ့လာတယ်။ စိတ်ဓာတ်တွေ ညှိုးဖျင်းလာတယ်။

ဒါတွေဟာ ကောင်းတဲ့လက္ခဏာတွေ မဟုတ်ပါဘူး။ အနာဂတ်ကို မြေကျင်းထဲထိုးထည့်နေခြင်းတွေပါ။ ပြီးတော့ အွန်လိုင်းဆိုတာ ကောင်းတာရှိသလို မကောင်းတာတွေလည်း ဒုနဲ့ဒေးပါ။ အွန်လိုင်းသုံးပြီး ပညာရေးတွေ လေ့လာနေတဲ့သူတွေ ဆိုရင်တော့ အပြစ်မပြောလိုပါဘူး။ ပညာရေးဘက်မလိုက်ဘဲ ယောင်ဝါးဝါးလုပ်နေရင်တော့ အနာဂတ်ကမ္ဘာကြီးဟာ သင်္ဂြိုဟ်ပြီးသား ဖြစ်သွားမှာပါ။ အနာဂတ်ကမ္ဘာဆိုတာ ရင်သွေးငယ်လေးတွေရဲ့ လက်ထဲမှာရှိနေတာပါ။ အနာဂတ်ကို ဦးဆောင်မယ့် ရင်သွေးငယ်တွေကို ပြုစုပျိုးထောင်ပေးရမှာ ကျွန်တော်တို့ရဲ့ တာဝန်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့က တည့်မတ်မှုမရှိလျှင် ရင်သွေးငယ်လေးတွေ လမ်းချော်ပြီး မြောင်းထဲကျသွားရမှာပါ။

ပြီးတော့ အွန်းလိုင်းပေါ်က အရေးအသားတွေဟာ ရင်သွေးငယ်လေးတွေ အတုမှား အယူမှား လမ်းမှားရောက်အောင် ဆွဲဆောင်နေပါတယ်။ ကွီးတို့ မွီးတို့ ဍေးတို့ ခေးတို့ ဆိုတာ မြန်မာ့စာပေမှာမရှိတဲ့ အသုံးအနှုန်းတွေပါ။ ဒါပေမဲ့ လူကြီးလူငယ်တွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားပြီး တောရော မြို့ပါ သုံးနှုန်းနေကြတာ တွေ့နေရပါတယ်။ လူကြီးတွေအနေနဲ့ ပြောဆိုသုံးနှုန်း ရေးသားနေတာ ပြဿနာမရှိပေမဲ့ ရင်သွေးငယ်လေးတွေအတွက်တော့ မဟာအမှားကြီးတစ်ခုပါပဲ။

**အွန်လိုင်းဆိုတာ ကောင်းတာရှိသလို မကောင်းတာတွေလည်း ဒုနဲ့ဒေးပါ။ အွန်လိုင်းသုံးပြီး ပညာရေးတွေ လေ့လာနေတဲ့သူတွေ ဆိုရင်တော့ အပြစ်မပြောလိုပါဘူး။ ပညာရေးဘက်မလိုက်ဘဲ အီယောင်ဝါးလုပ်နေရင်တော့ အနာဂတ်ကမ္ဘာကြီးဟာ သင်္ဂြိုဟ်ပြီးသား ဖြစ်သွားမှာပါ။**

မြန်မာစာပေမှာ ဒီလိုအသုံးအနှုန်းတွေ မရှိတာကို သူတို့ သိမှာမဟုတ်ပါဘူး။ မသိတော့ လက်ခံမယ်။ လက်ခံတော့ ကျင့်သုံးမယ်။ ကျင့်သုံးတော့ စွဲသွားမယ်။ ဒီလို အမှားတွေ စွဲလမ်းသွားပြီဆိုရင် ကျွန်တော်တို့ရဲ့ မြန်မာ့စာပေတွေ ပျောက်ပျက်ကုန်တော့မှာပေါ့။

အစပိုင်းမှာ အပျော်သဘောပြောကြဆိုကြ ရေးသားကြတယ်။ နောက်ပိုင်းမှာ အသုံးအနှုန်းအသစ်တစ်ခုအဖြစ် သုံးစွဲလာကြတယ်။ အခုတော့ အပျက်သဘောကို ရောက်မှန်းမသိ ရောက်သွားကြတာလေ။ အဲဒီတော့ ဘယ်သူတွေ ထိခိုက်လာသလဲ။ အမှားအမှန်ကို မဝေခွဲတတ်တဲ့ ကျွန်တော်တို့ရဲ့ ရင်သွေးငယ်လေးတွေပဲ ထိခိုက်နစ်နာကြရတာလေ။ ဒါတွေကို လူကြီးမိဘတွေက အလေးမထားမိကြပါဘူး။ သူတို့ကိုယ်တိုင်က

လည်း ဒီအမှားလောကထဲမှာ ကျင်လည်နေကြတယ်။ သားသမီးတွေကိုလည်း ဒီအသုံးအနှုန်းတွေနဲ့ ကျီစယ်ကြ ပြောဆိုကြတယ်။ သားသမီးတွေက လည်း ဒီအသုံးအနှုန်းတွေကို ယဉ်ကျေးမှုတစ်ခုလို လက်ခံသုံးနှုန်းနေကြတယ်လေ။

တကယ်တော့ မိဘဆိုတာ သားသမီးတိုင်းရဲ့ ရှေ့ဆောင်လမ်းပြပါ။ အတုယူစံထားထိုက်တဲ့သူတွေပါ။ လေးစားအားကျရတဲ့သူတွေပါ။ မိဘတွေက လမ်းမှားလျှောက်နေရင် သားသမီးတွေကလည်း လမ်းချော်သူတွေဖြစ်နေမှာပါ။ မိဘတွေလမ်းမှန်မှ သားသမီးတွေလည်း လမ်းကြောင်းတည့်မှာပါ။ ချစ်လို့ အလိုလိုက်တယ်ဆိုတာ အချိန်အခါ နေရာဒေသကြည့်ပြီး အလိုလိုက်တာကို ခေါ်ပါတယ်။ မြင်မြင်ရာကို အလိုလိုက်တာဟာ ချစ်ရာမရောက်ဘဲ ကိုယ့်သားသမီးကို နှစ်ရာရောက်တတ်ပါတယ်။ မမှားသင့်တာ မမှားအောင် မလုပ်သင့်တာ မလုပ်အောင် သွန်သင်ဆုံးမနည်းလမ်းပြပေးရမှာက ကိုယ့်သားသမီးကို ချစ်တဲ့ မိဘတွေရဲ့တာဝန်ပါ။


ရတနာဆိုတာ လမ်းမပေါ်က ကျောက်ခဲကောက်သလို ကောက်လို့မရပါဘူး။ အချိန်ပေးပြီး ကြိုးစားရှာဖွေမှရတဲ့ အရာပါ။ ကိုယ့်သားသမီးတွေ အနာဂတ်မှာ ထွန်းတောက်ဖို့အတွက် အချိန်ပေးသင်ယူရမှာပါ။ လမ်းမှားပေါ်မလျှောက်မိအောင် ပြုပြင်ထိန်းသိမ်းပေးရမှာပါ။ အတုမှား အယူမှားတွေကို ဖယ်ရှားပေးပြီး နည်းမှန် လမ်းမှန်တွေနဲ့ အစားထိုးပေးကြရမှာပါ။ အပျော်တွေကနေ အပျက်ဘဝမရောက်အောင် တည့်မတ်ပေးကြရမှာပါ။ ဒါမှ ကိုယ့်ရဲ့ရင်သွေးငယ်လေးတွေက အနာဂတ်ရဲ့ ရတနာအစစ်တွေ ဖြစ်သွားကြမှာပါ။ ရင်သွေးငယ်လေးတွေက ရတနာထိုက်သွားပြီဆိုရင် ကျွန်တော်တို့ရဲ့ အနာဂတ်ကမ္ဘာကြီးလည်း သာယာလှပသွားမှာပါ။

သူတို့တွေဟာ တချိန်ချိန်မှာ ပခုံးပြောင်းပြီး တာဝန်ယူကြရမယ့် သူတွေလေ။ အဲဒီတော့ ကျွန်တော်တို့တစ်တွေက သူတို့ရဲ့ ဥယျာဉ်မှူးတွေပေါ့။ ကိုယ့်ဥယျာဉ်ကြီးထဲက ပန်းကလေးတွေ မွေးပျိုးပြီး လှပချင်တယ်ဆိုရင် ရင်သွေးငယ်ပန်းလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ရေလောင်းပေးရမယ်။ ပေါင်းမြက်တွေ သုတ်သင်ပေးရမယ်။ အဖျက်ပိုးအန္တရာယ်တွေကို ကာကွယ်ပေးရမယ်။ ဖူးချိန်တန်ဖူး ပွင့်ချိန်တန်ပွင့်အောင် ပြုစုပျိုးထောင်ပေးရမယ်။ ခေတ်ကာလနဲ့ လျော်ညီတဲ့ အရည်အသွေးမြင့် ပန်းကောင်းလေးတွေဖြစ်အောင် စောင့်ရှောက်ပေးရမယ်လေ။

ခေတ်ကာလရဲ့ ရေစီးကြောင်းကြီးကို အများများစွာနဲ့ မျောပါမသွားရအောင် ပဲ့ကိုင်ပေးကြဖို့ အချိန်တန်ပါပြီ။ တစ်ဖက်မှာသောင်ထွန်း တစ်ဖက်ကမ်းပြို မဖြစ်ရလေအောင် မိဘတိုင်းက ဂရုစိုက်ပေးကြဖို့ လိုလာပါပြီ။ အပျော်တွေကနေ မပျက်ရလေအောင် ထိန်းသိမ်းတတ်ဖို့ အရေးကြီးလာပါပြီ။ ရင်သွေးငယ်လေးတိုင်း၏ အနာဂတ်ကမ္ဘာလေး သာယာလှပပြီး အောင်မြင်စွာဖူးပွင့်နိုင်ဖို့ မိဘတိုင်းက အပျော်နဲ့အပျက်ကို နားလည်သင့်လှပါပြီ။ ကိုယ့်ရဲ့သားသမီးတွေကို တကယ်ချစ်တယ်ဆိုရင် ရင်သွေးငယ်လေးတွေရဲ့ ပညာရေးကို ဦးစားပေးကာ စည်းကမ်းကျကျနဲ့ နည်းလမ်းတွေပြသပြီး အနာဂတ်ကမ္ဘာလေး တည်ဆောက်ပေးဖို့ ပြင်ဆင်ချိန်ရောက်လာပါပြီ။ ဒါမှလည်း ရင်သွေးငယ်လေးတွေရဲ့ ဘဝဟာ အပျော်အပျက်တွေဝေးပြီး ခေတ်သစ်ကို အောင်မြင်မှုတွေနဲ့ ဦးဆောင်ကာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မည် မဟုတ်ပါလားဗျာ...။

မိုးမြင့်သုခ (အမှိုက်လေး)

ဓမ္မစကူးလ်



# အခွင့်သာခဲ့လျှင်

စံမီးအိမ် (ဝန်းသို)

(၁)

"ဒီလာပါဦး မိနှောင်း"

ပြင်းရှသော မိခင်ဒေါ်ခင်စိန်၏ ခေါ်သံကြောင့် ခေါင်းကို အသာ ငုံ့ချပြီး အသက်မပါသည့် ခြေလှမ်းများနှင့် မရဲတရဲ အကြည့်ဟာ ဒေါ်ခင်စိန်အတွက် ပိုပြီး ဒေါသူပုန်ထစရာ ဖြစ်နေလေ၏။

"နင် ဘယ်သဝေထိုးပြီး ဘာတွေလုပ်နေလဲ"

"ဘယ်မှ မသွားပါဘူး မေမေရယ်"

သဉ္ဇာနွယ်နှောင်းတစ်ယောက် မိခင်၏ ဒေါသကို အရမ်းကြောက်ပြီး အမှန်အတိုင်းပြောချင်သော်လည်း ပြောမထွက်။

"ငါ့ သူငယ်ချင်းက နင့်ကို ဟိုဓမ္မစကူးလ်မှာ တွေ့ခဲ့တယ်တဲ့၊ နင်နော် နင်"

ဒေါ်ခင်စိန်သည် သူ၏သမီး သဉ္ဇာနွယ်နှောင်းကို ဘွဲ့ရပြီးသော်လည်း LCCI စသည့် စာရင်းကိုင် သင်တန်းများကို

မရပ်မနား တက်ခိုင်းပြီး သင်တန်းမှ ပို့ချသောပညာရပ်များကိုသာ တစိုက်မတ်မတ် လုပ်ရမည် ဟူသော စိတ်ဆန္ဒရှိသည်။

"မေမေရယ် သမီးက ကြီးကြီးကို ကူညီချင်လို့ပါ"

"နင်ကလည်းလေ နင့်သမီးကို စက်ရုပ်များမှတ်နေလား တစ်ချိန်လုံး ဆူပူကြိမ်းမောင်းနေတာပဲ"

သဥ္ဇာနွယ်နှောင်း၏ အဒေါ်ဖြစ်သူ ဒေါ်ဝင်းစိန်တစ်ယောက် တူမဖက်မှ သည်းမခံနိုင်တော့၍ အခန်းထဲမှ ထွက်လာကာ ဝင်ပြောရပေတော့သည်။

"ဒီမှာ ခင်စိန်ရေ နင့်မလဲနော် နင့်သမီးက ငါနဲ့လိုက်ပြီး ဘာသာရေး သာသနာရေးလုပ်တာလေ၊ ကလေးက ကောင်းတာလုပ်တာကို ဘာလို့ ကန့်လန့်ကာတားဆီးနေရတာလဲ"

"ဒီမယ်အစ်မ ဒါကျမ သမီးပါ၊ ကျမ စီမံမှုအောက်မှာပဲ နေရမှာပဲ"

"နင်တော့ ခက်နေပါပြီ၊ ကိုယ်က မိဘဆိုတိုင်း အရာရာကို တင်းကြပ် ရမှာမဟုတ်ဘူးလေ၊ အတိုင်း အတာတစ်ခုတော့ရှိမှပေါ့ ငါ့ညီမရဲ့"

"တော်ပါတော့ ကြီးကြီးနဲ့ အမေတို့ရယ်၊ နောက်သမီး အမေ့စကား နားထောင်ပါ့မယ်၊ သမီးတောင်းပန်ပါတယ် အမေရယ်"

ဟိုယခင်အချိန်များတွင် သူတို့၏ ဘိုးဘွားမိဘ အသိုင်းအဝိုင်းများဟာ ခရစ်ယာန်ဘာသာကို ကိုးကွယ်လာခဲ့ကြသည်။ ယခုနောက်ပိုင်းတွင်မူ ဒေါ်ဝင်းစိန် တစ်ယောက်၏ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာမှုကြောင့် တူ၊ တူမ၊ မြေးများ ကို မြတ်ဗုဒ္ဓ၏ ဆိုဆုံးမမှုအောက်သို့ လမ်းကြောင်းမှန် ပေးလာနိုင်ခဲ့သည်။ သို့သော် ညီမဖြစ်သူ ဒေါ်ခင်စိန်မှာတော့ သမီးသဥ္ဇာနွယ်နှောင်း ဒီလို ဘာသာရေး၊ သာသနာ ရေးတွေလုပ်နေတာကို သဘောမကျသလို အားလည်းမပေးပါ။

(၂)

"မေမေ..သမီး သင်တန်းသွားတော့မယ်နော်၊ တာ့တာ"

"ဟဲ့-နေဦး၊ နင်သင်တန်းကိုပဲ သွားနော်၊ ဟိုဟိုဒီဒီ လျှောက်သွားမနေနဲ့၊ ငါဘာသံမှ မကြားချင်ဘူး"

"ဟုတ်ကဲ့ပါ မေမေ"

"သမီးသဥ္ဇာနွယ်နှောင်း ဒီကို ဘာလာလုပ်တာလဲ၊ နင့်အမေက ဆူပြန် ဦးမယ်"

"နေပါဦး..ကြီးကြီးရယ်၊ သမီးဟိုနားခဏ သွားလိုက်ဦးမယ်နော်"

သဥ္ဇာနွယ်နှောင်းတစ်ယောက် သန့်စင်ခန်းသို့ ပြေးဝင်သွားပြီး ကျောပိုး အိတ်ထဲမှ အသင့်ပါလာသော ဓမ္မစကူးလ်ဝတ်စုံကို ထုတ်၍ အမြန်လဲဝတ်ပေတော့သည်။

"ကဲ- ကြီးကြီး အဆင်ပြေသွားပြီ၊ ကြီးကြီးကို စာကူသင်ပေးချင်လို့"

"နင်လေ ဉာဏ်သိပ်များတာပဲ၊ နင့်အမေကို ဘယ်လိုပြောလာလဲ"

"ဟုတ်တယ် ကြီးကြီးရဲ့ အမေ့ကို သင်တန်းသွားမယ်ဆိုပြီးထွက်လာတာ၊ ဒီနေ့သင်တန်းပိတ်တာ အမေ မသိဘူး… ဟီ..ဟိ"

သဥ္ဇာနွယ်နှောင်းတစ်ယောက် မိဘကို မလိမ်ချင်မညာချင်သော်လည်း လိမ်ညာရသည်မှာ မိဘ၏ အုပ်ထိန်းမှုကြောင့်ဖြစ်သည်။ သူမဟာ ဆယ်တန်းတုန်းကလည်း ဆယ်တန်းအလျောက်၊ တက္ကသိုလ် ကျောင်းတုန်းကလည်း တက္ကသိုလ် ကျောင်းအလျောက်၊ အခုသင်တန်းတွေ တက်တော့လည်း သူ့ဟာသူ ကြိုးစားနေသူတစ်ယောက်ဖြစ်သလို မိဘတွေ ကြပ်မတ်ရလောက်သည့်အထိ မလိမ္မာသူလည်း မဟုတ်ပါ။

"အင်း တစ်ချို့မိဘတွေကလည်း သမီးကောင်းတာလုပ်နေတာကို ဘာလို့ ကြည်ကြည်ဖြူဖြူ ခွင့်မပြုလဲ စဉ်းစားလို့ကို မရဘူးနော်"

ဒေါ်ဝင်းစိန်တို့ တူဝရီးနှစ်ယောက်ပြောတာကို နားထောင်ပြီး ဆရာမဒေါ်မူမူဟန်မှ ဝင်ပြောလေသည်။

"ဟုတ်ပ့ါအေး၊ ကိုယ့်သမီးက ဘွဲ့လည်းရပြီးပြီပဲ၊ အသက်ကလည်း နှစ်ဆယ်ကျော်နေပြီ၊ အခုချိန်ထိ သူ့ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် မရှိသေးဘူးလား စိတ်ညစ်လိုက်တာနော်"

"ဟုတ်ပဗျာ..ဆရာမသန္တာပြောသလိုပဲ၊ ကျနော်အောင်သူထက်လည်း ထောက်ခံတယ်၊ မိဘတွေက ပညာရေးဘက်ကို တစ်ဖက်စောင်းနင်းဖြစ်နေပြီ ဘာသာတရား၊ စာရိတ္တအဆုံးအမတွေကို လက်လွှတ်နေတော့ အချိန်တွေကြာလာတာနဲ့အမျှ ယဉ်ကျေးမှုကျင့်ဝတ်တွေဟာ ပျက်ပြားလာကြတယ်"

"ဟုတ်တယ် ဆရာ၊ တူမလေးဆို တကယ်လိမ္မာတာ၊ ဘာမှကို ပြောနေစရာ မလိုတာ၊ အခု LCCI သင်တန်းတက်တော့လည်း သူကြိုးစားနေတာပဲ၊ ဒါတောင် သူ့အမေက အရမ်းတင်းကြပ်လွန်းတယ်၊"

"တင်းကြပ်လွန်းတော့ ခိုးလုပ်ရောပေ့ါဗျာ…"

သဥ္ဇာနွယ်နှောင်းသည် ဓမ္မစကူးလ်မှာ ကလေးတွေကို စာသင်ရတာသိပ်ပျော်ပုံရသည်။ ဘာသာတရားကို အလွန်တရာပင် ကိုင်းရှိုင်းသည်။ ကလေးတွေကို ဗုဒ္ဓဝင်အကြောင်းတွေကို ပြောပြရတာ အတော်ပျော်သည်။ ဒါကြောင့်မို့လည်း မိခင် မသိအောင် ခိုးကြောင်ခိုးဝှက် လာနေရခြင်းဖြစ်သည်။ သဥ္ဇာနွယ်နှောင်းကိုယ်တိုင်ကလည်း ဒီလိုလိမ်ရသည့် လုပ်ရပ်တွေဟာ ရေရှည်တွင် မကောင်းဟု သိသော်လည်းပဲ မိခင် ဒေါ်ခင်စိန်၏ ဒေါသကို အံမတုနိုင်၍ လုပ်နေရခြင်းဖြစ်သည်။

ကျွန်ုပ်နှင့် ဓမ္မစကူးလ် ဆရာ၊ ဆရာမတွေ အားလုံးဟာ သဉ္ဇာနွယ်နှောင်း၏ ဖြစ်ရပ်ကို တစ်ယောက်တစ်ခွန်း ပြောဆိုရင်း စိတ်မကောင်းဖြစ်ကြရသည်။ သဉ္ဇာနွယ်နှောင်း၏ အဒေါ်ဒေါ်ဝင်းစိန် ပြောပြချက်အရဆိုလျှင် ဒီကလေးတွေ ငယ်ငယ်တုန်းက ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းမှန်သမျှကို အပင်ပန်းခံလိုက်ပို့ရသည်။ သူတို့ရဲ့ နှလုံးသားကို မြတ်ဗုဒ္ဓတရားကိန်းအောင်းဖို့ အားသွန်ကြိုးပမ်းလုပ်ခဲ့ရသည်။ ဆရာမကြီးကိုယ်တိုင်လည်း ခရစ်ယာန်အယူဝါဒမှ ထွက်၍ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူသောကြောင့် မိဘများမှ နိုင်ငံခြားပညာတော်သင် ရလဒ်ကြီး တစ်ခုကို ခွင့်မပြုဘဲ ပိတ်ပင်ခံရဖူး၏ - ဟု စိတ်မကောင်းစွာ ကြားသိခဲ့ရသည်။

(၃)

"သမီး လာဦး၊ နင့်အိတ် ပေးစမ်း"

"အမေကလည်း ဘာလုပ်ဖို့လဲ"

"ပေးစမ်းဆို ပေးစမ်းပါ၊ နင် အမေကို ဘာလို့ပြန် ပြောနေရတာလဲ"

မိခင်၏အကြောင်းကို သိသော်လည်း မပေး၍မပြီး၊ မသိစေချင်၍ မရတာကြောင့် မိခင်လက်ထဲသို့ သူ၏ ကျောပိုးအိတ်ကို အပ်လိုက်ရသည်။

"ဒါက ဘာတွေလဲ"

"သမီး အဝတ်လေ မေမေရဲ့"

"ဟဲ့ နင့်အဝတ်မှန်း ငါသိတယ်၊ ဘာဝတ်စုံလဲလို့ နင့်ကို မေးနေတာ"

"အော်…ဒါလား၊ ဒီဝတ်စုံက ဓမ္မစကူးလ်ဝတ်စုံလေ မေမေရဲ့၊ သမီးသူငယ်ချင်း တစ်ယောက် လက်ဆောင်ပေးလိုက်တာ"

"အပိုတွေ လာမပြောနဲ့၊ သွား အဲဒီဝတ်စုံကို ငါ့အခန်းထဲ ပို့ထားလိုက်၊ ငါ မပေးမချင်း ပြန်မယူနဲ့"

"သူငယ်ချင်း မယ်စိန်၊ ဘာဖြစ်နေကြတာလဲ တစ်အိမ်လုံး ဆူညံနေပါလား"

---

**ဓမ္မစကူးလ်က သူ့ဘဝကို ဘာဖြစ်စေမှာမို့လဲ၊ ဓမ္မစကူးလ်ဆိုတာ သူ့ဘဝအတွက်ရော အနာဂတ်ကလေးတွေအတွက်ပါ မြင့်မားတင့်ဆန်းစေတယ်၊ မဟုတ်တဲ့နေရာကို မသွားဘဲ ဒီလိုနေရာမျိုးကို သွားပြီး၊ လိမ်တာကို နင်ကျေးဇူးတင်ရမှာ…**

---

ဒေါ်ခင်စိန်၏ ငယ်သူချင်းဖြစ်သူ ဒေါ်သန်းရင်ဖြစ်သည်၊ ဒေါ်သန်းရင်ဆိုသူသည် အပျိုကြီးဘဝနှင့် အရိုးထုတ်မည်ဟု ကြွေးကျော်သံနှင့် နေလာခဲ့သူဖြစ်သည်။ တစ်ကိုယ်တည်းသော အပျိုကြီးဟာ အားရင်အားသလို ဒီအိမ်ကို ရောက်လာနေကျဖြစ်သည်။

"ဒီမှာဟဲ့..၊ ငါ့မှာတော့ သူ့ဘဝလေးမြင့်ဖို့ ပင့်နေရတာ၊ သူက ဓမ္မစကူးလ်
ဓမ္မစကူးလ်ပဲဖြစ်နေလို့ အမြင်ကပ်လို့ပါဟဲ့၊ အလကားအချိန်ကုန်လို့"

"ဘယ်သူလဲ အစ်မဒေါ်ဝင်းစိန်လား"

"နင်ကလည်း ငါ့ကို လာနှောင့်နေ၊ သူ့လို အိုကြီးအိုမကို ပြောမလား
စဉ်းစားလေ၊ ငါ့သမီးကို ပြောတာ"

"ကြည့်စမ်း..ကြည့်စမ်း ငါ့တူမကို ပြောနေကြတာ၊ ဒီမှာခင်စိန် ငါ့တူမက လိမ္မာတာမှ ဟိုဖက်ကမ်း လွန်နေသေး၊ နင်သာ..." အိပ်ခန်းအဝမှ အော်ပြောရင်း လျှောက်လာ၏။

"လိမ္မာတယ် ဟုတ်လား၊ အမေကို လိမ်ပြောနေတာတောင် အစ်မက မပြော
တော့ဘူးလား"

"ဟဲ့.. သူက လိမ်ချင်ပါ့မလား၊ နင်က သူ့ကို ဟိုလည်းတားဆီး၊ ဒီလည်း တားဆီးကို ပြောပါဦး ဓမ္မစကူးလ်က သူ့ဘဝကို ဘာဖြစ်စေမှာမို့လဲ၊ ဓမ္မစကူးလ်ဆိုတာ သူ့ဘဝအတွက်ရော အနာဂတ်ကလေးတွေအတွက်ပါ မြင့်မားတင့်ဆန်းစေတယ်၊ မဟုတ်တဲ့ နေရာကို မသွားဘဲ ဒီလိုနေရာမျိုးကို သွားပြီး လိမ်တာကို နင် ကျေးဇူးတင်ရမှာ၊ ဒီခေတ်ဒီအခါမှာ ဒီလိုအလုပ်မျိုးကို ဝါသနာပါတာ သူလိမ္မာတာပေါ့"

"သူငယ်ချင်း ခင်စိန်၊ ငါပြောမယ်နော် အဲလို မလိမ်ချင်ဘဲ လိမ်နေရတဲ့ နင့်သမီးကို ဓမ္မစကူးလ်ကျောင်းကို မခိုးမဝှက်ဘဲ ပျော်ပျော်ရွှင်ရွှင်နဲ့ သွားနိုင်အောင် ခွင့်ပြုလိုက်ပါလားဟင်"

"ဟုတ်တယ် သန်းရင်ရေ..သူ့ကိုသာ ဒီလိုအလုပ်ကို ခွင့်ပြုလိုက်ရင် မိဘကို လိမ်တော့မှာ မဟုတ်ဘူး၊ ဒီထက်မက တင်းကြပ်ရင်တော့ တစ်သက်လုံးလိမ်နေမှာပဲ၊ လိမ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို သုံးဖို့ လွယ်ကူမဲ့အပြင် တခြားမဟုတ်တဲ့ နေရာတွေ သွားပြီး လိမ်နေခဲ့ရင်တော့ ရင်လေးစရာပါအေး..."

ဒေါ်ခင်စိန်တစ်ယောက် အစ်မဒေါ်ဝင်းစိန်၏ စကားအဆုံးတွင် သူဘယ်လို လုပ်ရမလဲလို့ စဉ်းစားသွားခဲ့သည်။ သူ့၏ ခွင့်ပြုလိုသည့် မျက်ဝန်းနှင့်အတူ တိတ်ဆိတ် ငြိမ်သက်သွားပေတော့သည်။

စံမီးအိမ်

"ဆရာကြီးမင်္ဂလာပါ… အိမ်ထဲကို ဝင်ခွင့်ပြုပါဆရာ"

မနက်ဖြန် ဓမ္မစကူးလ်သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေစဥ် အိမ်ရှေ့ကခေါ်သံကြောင့် ကြည့်လိုက်မိသည်။ အဠမတန်းမှ ဓမ္မစကူးလ်ကျောင်းသူလေးများဖြစ်ကြသော နှင်းနှင်းဝေတို့ သူငယ်ချင်းတစ်စု။

"သြော်…သမီးတို့ပါလား…လာ..လာ…အိမ်ထဲလာကြ"

ကျွန်ုပ်က နေရာချထားပေးလိုက်သည်။ ကျွန်ုပ်ရဲ့ တပည့်မလေးများနှင့်အတူ သူငယ်ချင်း အသစ်တစ်ယောက်လည်း ပါလာသည်။

"ကဲ…ပြောပါဦး၊ ဘာကိစ္စများရှိကြလို့လဲ"

"ဟုတ်ကဲ့ဆရာ…မနက်ဖြန် ဓမ္မစကူးလ်နေ့နော် ဆရာ"


"အေး…ဟုတ်တယ်လေ… တနင်္ဂနွေနေ့"

"ဟာ…နှင်းနှင်းဝေကလည်း နင်က ဝေ့လည်ကြောင်ပတ် မပြောတတ်ပဲနဲ့ ဆရာ ရှုပ်သွားပါဦးမယ်။ ငါပဲ ပြောလိုက်မယ်"

မေသူဇာက စိတ်မရှည်ဟန်နှင့်…

# ရနံ့သင်းတော့မည့် ပန်းတစ်ပွင့်

ဓမ္မကျေးရွာ(ရွာခိုင်ဓမ္မစကူးလ်)



“ဒီလိုပါဆရာ၊ သူက သမီးတို့ အချစ်ရဆုံးဖြစ်တဲ့ သူငယ်ချင်း ခိုင်ယဉ်မွန်ပါ။ သမီးတို့အဖွဲ့က ဓမ္မစကူးလ်ကျောင်းတက်ကြတယ်။ ဓမ္မစကူးလ်စာသင်ခန်းရဲ့အကြောင်းတွေ ပြောပြကြတယ်။ ခိုင်ယဉ်မွန်က စိတ်ဝင်စားပြီး လိုက်လေ့လာချင်လို့တဲ့ဆရာ”

“သြော်…ဒါများ သမီးတို့ရယ်၊ မနက်ဖြန်ခေါ်လာပေါ့၊ ဘာအပမ်းကြီးလို့လဲ” ကျွန်ုပ်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

“မဟုတ်သေးဘူးဆရာ၊ သူက ဘာသာခြားတစ်ယောက်ပါ”

“သြော်…ဟုတ်လား” အမှတ်တမဲ့ နှင်းနှင်းဝေက ထဖြေလိုက်သောကြောင့် ကျွန်ုပ် အံ့အားသင့်မိသည်။ ခိုင်ယဉ်မွန်ဆိုသည့် သမီးလေးအား သေချာကြည့်မိတော့သည်။ အသားဖြူဖြူ မျက်နှာဝိုင်းလေးနဲ့ ဥပဓိရုပ်လေးမှာ ကြည်လင်လှပသောသူ ဖြစ်သည်။ နေထိုင်ပုံကလည်း တည်ငြိမ်ပြီး ယဉ်ကျေးရှိလှသည်။ (မိဘများသည် မျိုးရိုးစဉ်ဆက်ချမ်းသာသော သူဌေးများဖြစ်ကြ၍ ခိုင်ယဉ်မွန်မှာ တစ်ဦးတည်းသော သမီးဟု နောက်မှသိရသည်)

“ဒါဆိုရင် ဆရာက ဘာကူညီပေးရမလဲဟင်”

သူတို့ဆန္ဒ အရင်သိလို၍ ကျွန်ုပ်မေးလိုက်သည်။ ထိုအခါ… တစ်ချိန်လုံး ငြိမ်သက်နေသော စုမြတ်က ဓမ္မစကူးလ်ကျောင်း လိုက်လေ့လာချင်တဲ့အကြောင်း ခွင့်သွားတောင်းတယ်ဆရာ၊ သူ့မိဘတွေက ဘာမှလည်း စကားပြန်မပြောကြဘူး။ မျက်စိမျက်နှာပျက်နေကြတယ်” ကြားလိုက်ရသော စကားကြောင့် အာဂတပည့်တွေပဲ-ဟု စိတ်ထဲ ချီးကျူးမိသည်။

“သမီးမိဘတွေက သမီးကို အရမ်းချစ်ကြပါတယ်။ သမီးဆန္ဒကိုလည်း မတားရက်ကြဘူး။ ဘာသာရေးကို အရမ်းအလေးထားကြတယ်။ သမီးတို့ ဘာသာတရားရဲ့ စည်းကမ်းချိုးဖောက်သလိုဖြစ်မှာ ကိုလည်း စိတ်ပူနေကြတယ်။” ဘာသာခြားဖြစ်သူ သမီးလေးခိုင်ယဉ်မွန်က ရှင်းပြသည်။

“ဓမ္မစကူးလ်ကို အရမ်းတက်ချင်နေသလို သူ့မိဘတွေ စိတ်ဆင်းရဲမှာလည်း စိုးရိမ်နေတယ်ဆရာ၊ ဒါကြောင့် ဆရာ့ဆီ သမီးတို့ ခေါ်လာခဲ့တာပါဆရာ”

မေသူဇာက လာရင်းအကြောင်းကို ပြောသည်။ ရုတ်တရက်ဆိုသလို ကျွန်ုပ်လည်း ဘာပြောရမှန်းမသိ ဖြစ်နေသည်။ ဘာသာရေးသိမ်းသွင်းသည့် စကားများ ပြောသည်ဟုလည်း အမြင်မှားမှာ စိုးရသေးသည်။ အခြေအနေအရ လက်တွေ့ကျသော အတွေးမျိုးပေးသင့်သည်ဟု မှတ်ချက်ချမိသည်။

“သမီးခိုင်ယဉ်မွန် သကြားက ချိုလား…ခါးလား သမီး”

“ချိုပါတယ်ဆရာ”

“သမီးမိဘတွေ ပြောပြတာလား”

“မဟုတ်ဘူးဆရာ၊ သမီးကိုယ်တိုင် စားကြည့်လို့ ချိုတယ်လို့ တပ်အပ်ပြောတာပါဆရာ”

“မှန်တယ်သမီး၊ သူများပြောလို့ ယုံကြည်တာမျိုးမဟုတ်ပဲနဲ့ မိမိကိုယ်တိုင် လေ့လာဆန်းစစ်ပြီးမှ လက်ခံယုံကြည်တာဟာ ပိုပြီး သဘာဝကျတယ်သမီး၊ အမှန်တရားကို ဘယ်တော့မှလည်း သံသယ မဖြစ်တော့ဘူးပေါ့”

ကျွန်ုပ်စကားကို သူတို့ အားလုံးက ခေါင်းညိမ့်၍ ထောက်ခံနေကြသည်။ ကျွန်ုပ်က ဆက်၍ -

“တိရစ္ဆာန်တွေထက် လူတွေက မြတ်တယ်ဆိုတာ အသိဉာဏ်ပညာရှိကြလို့ပဲ။ အသိပညာကသာ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားပေးနိုင်စွမ်းရှိကြတယ်။ လူတိုင်းလူတိုင်းဟာ မွေးရာပါ အခွင့်အရေးတစ်ခုအနေနဲ့ အသိပညာကို အသုံးချပြီး ကိုယ်ပိုင်လွတ်လပ်စွာ တွေးခေါ်ရမယ်။ ဒါမှလည်း လူပီသတဲ့သူ ဖြစ်လိမ့်မယ်။ ဒါနဲ့ ပတ်သက်ပြီး ဗုဒ္ဓမြတ်စွာက သူတစ်ပါးပြောတိုင်း မယုံကြနဲ့ မိမိကိုယ်တိုင် စဉ်းစားတွေးခေါ်ကြလို့ မိန့်တော်မူထားတာ ရှိတယ်ကွဲ့”

“သမီးတို့အားလုံး ဗဟုသုတမှတ်သားရအောင် အကျယ်လေးရှင်းပြပါ့လား ဆရာ”

တစ်ဖွဲ့လုံးရဲ့ အကြီးဆုံးဖြစ်သူ ခိုင်ဇင်မိမ်းက တောင်းဆိုသည်။ ကျွန်ုပ်က ခေါင်းညိမ့်ကာ သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေပုံနှိပ်ထားသော “**ယဉ်ကျေးလိမ္မာမျိုးဆက်သစ်ရတနာ**” စာအုပ်ကလေးလှန်၍ ဖတ်ပြလိုက်ပါသည်။

“ဒီစကား ဆက်ချက်ဟာ ဘုရားရှင်လက်ထက်တုန်းက ကိုးကွယ်မှု အယူအဆပြဿနာတွေနဲ့ ကြုံတွေ့နေကြတဲ့ ကေသမုတ္တိရွာသား ကာလာမ လူမျိုးတွေကို ဟောကြားခဲ့တာဖြစ်တယ်”

အမျိုးသားတို့ သင်တို့သည်...

၁။ တစ်ဆင့် စကားကောလာဟလ ကြားသိကာမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။

၂။ မိရိုးဖလာ အစဉ်အဆက် စကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။

၃။ ဤသို့ဖြစ်ဖူးသတဲ့ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။

၄။ ကျမ်းဂန်အထောက်အထားနှင့် ညီညွတ်ပေသည်ဟုလည်း အမှန်ဟု မယူကြလင့်။

၅။ မိမိကြံစည်တွေးဆရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။

၆။ နည်းမိုကြဲဆရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
၇။ အခြင်းအရာ ကြောင်းကျိုးဆီလျော်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
၈။ အယူဝါဒချင်း ထပ်တူညီရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
၉။ ယုံကြည်ထိုက်သော ပုဂ္ဂိုလ်၏ စကားဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲအားဖြင့်လည်း အမှန်ဟု မယူကြလင့်။
၁၀။ ဆရာ့ ဩဝါဒ ဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟု မယူကြလင့်။

အလွန်မှတ်သားသင့်တဲ့ ဒီစကားဆယ်ချက်ကို လူမျိုးတိုင်းအတွက် သတိပေးဟောကြားခဲ့တာ ဖြစ်တယ်။ ငါ့ဘာသာငါ့တရားကသာလျှင် ကောင်းတယ်လို့ ဘယ်တော့မှ မဟောခဲ့ဘူး။ ကိုယ်တိုင်လက်တွေ့ကျင့်သုံးကြည့်ပါလို့သာ တိုက်တွန်းတော်မူခဲ့တယ်။ တစ်ဖွဲ့လုံးခေါင်းလေးတွေ တညိမ့်ညိမ့်နှင့် သဘောပေါက်နေပုံကြသည်။

"ဆရာ ပြောပြတော့မှ မြတ်စွာဘုရားကို ပိုကြည်ညိုမိတော့တယ်ဆရာ" နှင်းနှင်းဝေက လူကြီးတစ်ယောက်လို တည်ကြည်စွာပြောသည်။

"ဒါဖြင့်ဆရာ အမှားအမှန်ကို ဘယ်လို စိစစ်ခွဲခြားပြီး လက်ခံယုံကြည်ရမလဲ ဆရာ"

မေသူဇာက ဓမ္မစကူးလ်ကျောင်းသူပီပီ အဓိကကျ၍ ထိရောက်သော မေးခွန်းတစ်ခုကို မေးလိုက်ပါတော့သည်။

"ဒီမေးခွန်းက အရေးကြီးဆုံးပဲသမီး၊ ကိုယ်ပိုင်အသိပညာနဲ့ ဆုံးဖြတ်တဲ့အခါ ဒါကတော့ မကောင်းမှုတရား၊ အပြစ်ရှိတယ်၊ ပညာရှိတွေကဲ့ရဲ့တယ်၊ အကျိုးမဲ့ကိုသာ ဖြစ်စေတယ်လို့ သိရင်ပယ်စွန့်ရမယ်။ ဒါကတော့ ကောင်းတဲ့တရား၊ အပြစ်ကင်းတယ်၊ ပညာရှိတွေ ချီးမွမ်းတယ်၊ အကျိုးကို ဖြစ်စေတယ်လို့ သိရင် လက်ခံကျင့်သုံးရမယ်။ ဒါဟာ…ဘယ်တော့မှ မမှားတဲ့ လောကနိယာမအမှန်တရားပဲ"

"ဟုတ်ကဲ့ပါဆရာ၊ သမီးတို့အားလုံး တစ်သက်လုံး မှတ်သားထားပါ့မယ်"

"အခု ဆရာပြောခဲ့တာတွေကလည်း ဗုဒ္ဓကိုးကွယ်မှု ဘာသာတရားတွေနဲ့ ဘာမှ မပတ်သက်ဘူးနော်။ ဘယ်သူပြောတာမှ မယုံပဲနဲ့ ကိုယ်ပိုင်အသိပညာနဲ့ ဆုံးဖြတ်လက်ခံကြဖို့နဲ့ ခွဲခြားဆုံးဖြတ်တဲ့အခါ မှန်ကန်တည့်မတ်ဖို့ အဓိကထား ပြောပြခဲ့တာပါ"

ထိုအခါ ဘာသာခြားလေး ခိုင်ယဉ်မွန်က –

"သမီး နားလည်ပါတယ်ဆရာ၊ ဗုဒ္ဓဘာသာဟာ ဝိဘဇ္ဇဝါဒရှိတဲ့ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော ဘာသာအဖြစ် မှတ်သားဖူးပါတယ်ဆရာ။ 'အတ္တာဟိ အတ္တနော

နာထော = မိမိကိုယ်သာ ကိုးကွယ်အားထားရာ' ဆိုတဲ့ ဒီစကားလေးဟာ အကြိုက်ဆုံးတရားလေးပါ၊ အဲဒီကတည်းက သမီး ဗုဒ္ဓဘာသာကို စိတ်ဝင်စားနေခဲ့မိတာပါ။ အဲဒါကြောင့်လည်း သူငယ်ချင်းတွေနဲ့ ဓမ္မစကူးလ်ကို လေ့လာဖို့ မိဘတွေဆီမှာ ခွင့်ပန်ခဲ့မိတာပါ''

ခိုင်ယဉ်မွန်ရဲ့ နှလုံးသားထဲကလာတဲ့ စကားလုံးတွေကြောင့် ကျွန်ုပ်ပင် ကြက်သီးထမိသည်။အရွယ်နဲ့မလိုက်အောင် စဉ်းစားတွေးခေါ်တတ်သော ပါရမီရှင်လေးပါတကား-ဟု တွေးမိပါသည်။

''ဘာသာတစ်ခုမှ ဘာသာတစ်ခုကို လေ့လာရုံနဲ့ အပြစ်ကျူးလွန်သူ၊ မိဘကို စော်ကားသူလို့ သတ်မှတ်လို့ မရပါဘူးသမီး''

''သမီး နားလည်ပါတယ်ဆရာ၊ ဒါကြောင့်လည်း မနက်ဖြန်ဆရာတို့ ဓမ္မစကူးလ်ကို လေ့လာဖို့ သမီးဆုံးဖြတ်ချက် ချလိုက်ပါပြီ။ ခွင့်ပြုပါဆရာ''

ခိုင်မာသော စိတ်ဓာတ်နှင့် ခိုင်ယဉ်မွန်က ခွင့်တောင်းပါတော့သည်။

''ကောင်းပါပြီ သမီး၊ 'ဧဟိ ပဿိကော' ပါကွယ်'' ကျွန်ုပ်က ခွင့်လည်းပြုသလို၊ တရားဂုဏ်တော်လေးနှင့် ဖိတ်ခေါ်လိုက်သည်။

''ဧဟိ ပဿိကော ဆိုတာ ဘာပြောတာလဲ ဆရာ'' ရုတ်တရက် ခိုင်ဇာငြိမ်းက ထမေးသည်။

''ဟဲ့ အဲဒါ သူငယ်ချင်း မမှတ်မိတော့ဘူးလား၊ ဆဋ္ဌမတန်းသင်ခန်းစာ (၆)မှာ ဆရာသင်ခဲ့တာလေ၊ ဧဟိ ပဿိကော = လိုက်ခဲ့စမ်းပါ၊ ကိုယ်တိုင်သိရအောင် လာရောက် အားထုတ်ကျင့်ကြံကြည့်စမ်းပါ-ဟုလေ'' နှင်းနှင်းဝေက ကျွန်ုပ်ကိုယ်စား အဖြေပေးလိုက်ပါသည်။

''သြော်...ဟုတ်သားပဲ'' ခိုင်ဇာငြိမ်းက အခုမှ မှတ်မိဟန်နှင့် မျက်နှာလက်ဝါးဖြင့် အုပ်ကာ ရှက်နေတော့သည်။

''ဟင်း..ဟင်း..ဟင်း...''

သူ့အဖြစ်ကို ကြည့်၍ အားလုံးက ရယ်နေတော့သည်။ ပန်းကလေးများသဖွယ် အပြစ်ကင်းစင်သော တပည့်မလေးတွေကို ကြည့်၍ ကျွန်ုပ် ပြုံးနေမိပါသည်။

''ဆရာကြီး မင်္ဂလာပါ၊ သမီးတို့ကို ပြန်ခွင့်ပြုပါဦးဆရာ''

''ဟုတ်ကဲ့ပါ မင်္ဂလာပါ သမီးတို့ရေ...''

တပည့်မလေးတွေ ထွက်ခွါသွားသော်လည်း ကျွန်ုပ်သည် အတွေးများစွာနှင့် ကျန်ခဲ့ပါသည်။ မနက်ဖြန် ဓမ္မစကူးလ်သည် ကျွန်ုပ်အတွက် စိန်ခေါ်မှုအပြည့်နဲ့ စောင့်ကြိုနေပါလိမ့်မည်။

မှန်ပါသည် - ''ရန့်သင်းတော့မည့် ပန်းတပွင့်'' အတွက် ကျွန်ုပ်သည် အစွမ်းကုန် ကြိုးစားရပေဦးတော့မည် မဟုတ်ပါလား။



# ဗုဒ္ဓဘာသာအမေးအဖြေ

## ဗုဒ္ဓ ဆံတော် ပယ်သလား နားရွက်တော် ရှည်မရှည်

**အရှင်ကေလာသ**

**ဓမ္မာစရိယ၊** B.A. (Philo) M.A. (Buddhism)

ရိုသေစွာ မေးမြန်းအပ်ပါသည် အရှင်ဘုရား…

တပည့်တော် စင်္ကာပူမှာ အလုပ်လုပ်နေပါသည်။ တပည့်တော်နှင့် အခန်းတူ နေသည့် အမျိုးသမီးမှာ ခရစ်ယာန်ဘာသာဝင် ဖြစ်ပါသည်။ ဘာသာရေးအကြောင်းကို ပွင့်လင်းစွာ ဆွေးနွေးနိုင်သူ ဖြစ်ပါသည်။ သူသည် ဗုဒ္ဓဓမ္မကိုလည်း စိတ်ဝင်စားပုံရပါသည်။ သူမေးသည့် မေးခွန်းတွေကို ဖြေနိုင်ဖို့ ဘုရားတပည့်တော်လည်း ကြိုးစားပြီး လေ့လာပါသည်။ ယခု တပည့်တော် မေးလျှောက်လိုသည်မှာ ဗုဒ္ဓဘုရားရှင်သည် ဆံတော်ကို ပယ်ပါသလား။ ဆင်းတုတော်များမှာ ဖူးတွေ့ရသည့်အတိုင်း ဆံတော်ကို မပယ်ဘူးလား။ နားရွက်တော်မှာ ဆင်းတုတော်အတိုင်း ရှည်လျားပါသလားဆိုတာကို ဖြေကြားပေးစေချင်ပါသည် ဘုရား။

----------------------------------------မစုစု

## ဗုဒ္ဓ ဆံတော် ပယ်မပယ်

သိင်္ဂါရဝပုဏ္ဏားနဲ့ အဂ္ဂိဘာရဒွါဇပုဏ္ဏားတို့က မြတ်ဗုဒ္ဓကို 'မုဏ္ဍက (ဦးပြည်းကတုံးစုတ်)' လို့ နှိမ့်ချပြီး ခေါ်ဖူးတယ် (မ ၂၊ ၄၂၄။ သုတ္တနိ၊ ၂၉၇)။ ဗုဒ္ဓကိုယ်တိုင်လည်း 'ထိုငါသည် မိဘများ မလိုလား၍ ငိုကြွေးကြစဉ် ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီးဖန်ရည်ဆိုး အဝတ်ကိုဝတ်၍ ရဟန်းပြုခဲ့၏ (မ ၁၊ ၃၀၃။ မ ၂၊ ၄၂၄)' လို့ သစ္စကနဲ့ သိင်္ဂါရဝ ပုဏ္ဏားတို့ကို မိန့်တော်မူဖူးပါတယ်။ ဒီပါဠိတော်တွေအရဆိုရင် ဗုဒ္ဓရှင်တော်မြတ်ဟာ ခေါင်းရိတ်ထားတယ်လို့ ဆိုနိုင်တယ်။ ဒါပေမယ့် နှောင်းခေတ်အဖွင့်ကျမ်းတွေမှာတော့ 'ဗုဒ္ဓရဲ့ ဦးခေါင်းပေါ်မှာ ရစ်ခွေနေတဲ့ လက်နှစ်သစ်လောက်ဆံပင်ရှည် ရှိတယ်။ မုတ်ဆိတ်မွေးလည်း အနေတော်မျှ ရှိတယ်။ အသက်ထက်ဆုံးထိုထက် ပိုမရှည်ဘူး (ဇာဋ္ဌ ၁၊ ၇၄)' လို့ ဆိုတယ်။ သက္ကတဘာသာနဲ့ရေးတဲ့ကျမ်းတွေမှာလည်း လက်နှစ်သစ်ဆံခွေနှင့် အနေတော် မုတ်ဆိတ်မွေး ရှိတယ်ဆိုတဲ့အဆိုတွေရှိတယ်။

ဒါကြောင့် နှောင်းခေတ် ပန်းပုဆရာတွေ မြတ်ဗုဒ္ဓရဲ့ ပုံတူဆင်းတုကို ထုလုပ်ကြတဲ့အခါ အချို့ ဆံပင်ကို ပယ်ထားပြီး အချို့မှာ ဆံပင်ရှိတယ်။ သီဟိုဠ်မြန်မာယိုးဒယားစတဲ့နိုင်ငံက ဆင်းတုတွေမှာတော့ ညာဘက်ကို ရစ်ခွေနေတဲ့ လက်နှစ်သစ်ဆံပင်ဆိုတာကို သရုပ်ဖော်တဲ့အနေနဲ့ ဆံပင်ပုံပါနေတာ ဖြစ်နိုင်တယ်။ အမှန်တော့ဗုဒ္ဓမှာ ဆံထုံး မရှိတန်ရာပါဘူး။ တစ်ချို့ ဆင်းတုတွေမှာ ဦးခေါင်းတော်ရဲ့ အလယ်တည့်တည့်မှာ ဆံပင်ပေါ်က သန်လျက်ပုံ ရှည်ရှည်မျောမျော တစ်ခုပါတယ်။ အဲဒါကတော့ သဗ္ဗညုတဉာဏ်တော်ကို တင်စားတာလို့ ဆိုတယ်။

## ဗုဒ္ဓရဲ့ နားရွက်တော်

ဗုဒ္ဓရဲ့ ခန္ဓာကိုယ်မှာပါတဲ့ လူသာမန်တို့နှင့်မတူတဲ့ ထူးခြားတဲ့ လက္ခဏာတော်ကြီး ၃၂ပါးထဲမှာ နားရွက်နှင့် ပတ်သက်တဲ့ ထူးခြားမှု မတွေ့ရဘူး။ လက္ခဏာတော်ငယ် ၈၀ပါးထဲမှာတော့ '(၄၇) အာယတရုစိရကဏ္ဏတာ = ရှည်ပြီး လှပတင့်တယ်သော နားရွက်တော်ရှိခြင်း' ဆိုတာ ပါတယ်။ လူသာမန်ထက် ထူးခြားစွာရှည်ပေမယ့် အချိုးအစား ပြေပြစ်ပြီး ဖူးမြင်လို့မကောင်းတဲ့အထိတော့မရှည်တန်ရာပါဘူး။ ကျိုးမသွားအောင် ပန်းပုဆရာတွေ အဲဒီလို ဖန်တီးခဲ့တာဖြစ်နိုင်ပါတယ်။

အချို့ ကြေးသွန်းဆင်းတုတွေမှာ နားရွက်အောက် တည့်တည့်မှာ နားရွက်တော်အနေအထား မပြောင်းအောင်လို့ ထည့်ထားဟန်တူတဲ့ ပခုံးကို ထောက်နေတဲ့ သံချောင်းရှည်ကိုတောင် တွေ့နိုင်တယ်။ အချို့ ဆင်းတုတော်တွေမှာ နားရွက်တော် ကြီးလွန်းနေတယ်။ ဘာအဓိပ္ပာယ်နဲ့ ဆိုတာတော့ မသိဘူး။ ဘုန်းကြီးအထင် ဒါတွေက ထုလုပ်သူရဲ့ အနုပညာစွမ်းရည်နဲ့ပဲ ဆိုင်မယ်ထင်တယ်။

**နှလုံးသွင်းရန်**

ဗုဒ္ဓသာသနာရဲ့ သမိုင်းဦးအချိန်က ဗုဒ္ဓရဲ့ပုံတူ ဆင်းတုပန်းချီ ထုလုပ်ရေးဆွဲမှုကို အလွန်ကြီး မနှစ်သက်ဘူးလို့ သုတေသီတို့ မှတ်ချက် ပြုထားတာရှိတယ်။ အထူးသဖြင့် ထေရဝါဒ ခေါင်းဆောင်ပုဂ္ဂိုလ်တွေက အားမပေးဘူးလို့ ဆိုတယ်။ အကြောင်းက သက်တော်ထင်ရှား ဗုဒ္ဓကို ကိုယ်တိုင် မမြင်တွေ့လိုက်ရဘဲ စိတ်ကူးနဲ့ ထုလုပ်ရေးဆွဲရုံနဲ့ ဗုဒ္ဓအစစ်နဲ့ မတူနိုင်ဘူးလို့ ယူဆလို့ ရပါတယ်။ ဒါကြောင့် ရှေးခေတ်အချိန်က ဆင်းတုနဲ့ ပန်းချီအစား ဗုဒ္ဓပါဒစေတီ (ဗုဒ္ဓရဲ့ခြေတော်ရာစေတီ)ကို ထုလုပ်ကိုးကွယ်တာ ဖြစ်ပါတယ်။ ပန်းချီပန်းပုပညာ ထွန်းကာလာတဲ့အခါ ကျမ်းဂန်မှာ ဖော်ပြတဲ့အတိုင်း ဒီလိုပုံမျိုး ဖြစ်တန်ကောင်းရဲ့လို့ မှန်းဆပြီး ဗုဒ္ဓဆင်းတုတွေနဲ့ ပန်းချီရုပ်ပုံတွေ ထုလုပ်ရေးဆွဲ ကိုးကွယ်ကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓရဲ့ ဆင်းတုတော်တွေ ပန်းချီကားတွေကို ဖူးမြင်ရတဲ့အခါ ဘယ်လိုပုံစံနဲ့ပဲ ထုလုပ်ရေးဆွဲထားစေကာမူ ဗုဒ္ဓရှင်တော်မြတ်ဆိုတာ အင်မတန် သပ္ပာယ်လှပတဲ့ ဥပဓိရုပ်ပိုင်ရှင်ပါပဲလို့ သက်တော်ထင်ရှားဘုရားကို အာရုံပြုလိုက်ရုံပါပဲ။ ဗုဒ္ဓနဲ့ ဗုဒ္ဓဓမ္မ အကြောင်းကို ဆွေးနွေးတဲ့အခါ ဗုဒ္ဓဆင်းတုတော်ဟာ ဒုတိယနေရာမှာပဲ ရှိသင့်တယ်။

**ခြေသုတ်ပုဆိုးလှူသော အကျိုး (၅) ပါး**

၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း။
၂။ မြူအညစ်အကြေး ကင်းခြင်း။
၃။ အရောင်အဝါရှိခြင်း။
၄။ တန်ခိုး အာနုဘော် ရှိခြင်း။
၅။ သိမ်မွေ့သော ကိုယ်ရှိခြင်း။

သုခမှတ်စုစာအုပ်၊ စာမျက်နှာ - ၇၄။